မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၆)

၁၃၈၇ ခုနှစ်၊ တော်သလင်းလကွယ်နေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လို**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ မော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

**စာမျက်နှာ ၁၆ ကော်လံ ၁** ★


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်)

## နိုင်ငံနှင့်အဝန်းသစ်တောဖုံးလွှမ်းမှုတိုးပွားရေး

ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် ပရိဝုဏ်တော်ထဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ စက်တင်ဘာလ ၁၆ ရက်က သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရာ နိုင်ငံတော်အကြီးအကဲက ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ မာရဝိဇယဥယျာဉ်တော်အတွင်း ၁၂ လရာသီပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင်ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်သည်။ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် အပင် ၁၈ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခြင်းဖြစ်သည်။ ယခုစိုက်ပျိုးသည့်နှစ်ရှည်ပင်များသည်အထူးအစီအစဉ်ဖြင့် မြတ်စွာဘုရားကိုထာဝရပူဇော်နိုင်ရန်ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့်နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်၍ ထာဝရကုသိုလ်အဖြစ် အမြဲထာဝရ တည်ရှိနေမည်ဖြစ်သည်။

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့်ထာဝရကုသိုလ်များရရှိကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးသား ကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက်ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့်နိုင်ငံတော်တွင်သစ်တောလွှမ်းခြုံမှု (၅၀)ရာခိုင်နှုန်းရှိစေရေး၊ သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည်မလွဲမသွေတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည်လုပ်ရိုးလုပ်စဉ်အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခမများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသော ကုသိုလ်ရမည့်လုပ်ဆောင်မှုဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ်တွင် ထူးခြားချက်မှာအပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင်လ ၁၁ ရက်က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပစိုက်ပျိုးခဲ့ကြရာ မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ဩဂုတ်လ ၁၉ ရက် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုးခုနစ်မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြသည်။ အပူပိုင်းဒေသများမှာ နောင်တွင်သစ်ပင်များရှင်သန်ကြီးထွားလာမှုကြောင့် အပူအအေးမျှတပြီးသစ်တောဖုံးလွှမ်းမှုများလာမည်ဖြစ်သည်။

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System)အဖြစ်သတ်မှတ်ထားသည်။ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးလျက်ရှိသည်။ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို မလွဲမသွေအထောက်အကူပြုအကျိုးရှိမည်ဖြစ်သည်။ ယခုကဲ့သို့အချိန်၊ လူအင်အားနှင့်ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ပြည်သူများကဝိုင်းဝန်းထိန်းသိမ်းပြုစုကြရမည်ဖြစ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်မှာ နိုင်ငံတော်ချစ်မြတ်နိုးသည့် စိတ်၊ သဘာဝပတ်ဝန်းကျင်ကိုမြတ်နိုးသည့် စိတ်များဖြင့် သဘာဝပတ်ဝန်းကျင်ကိုအကောင်းဆုံးဖြစ်လာစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့်အဝန်းသစ်ပင်သစ်တောများဖုံးလွှမ်းမှုပိုမိုများပြားရေးအတွက် စနစ်တကျစိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၉၈

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## စားသုံးဆီအရည်အသွေးပြည့်မီရေးနှင့် ဒေသထွက်စားသောက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာအသိပညာပေးဟောပြော

ပြည် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှကြီးမှူး၍ စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၌ စားသုံးဆီအရည်အသွေးပြည့်မီရေးနှင့် ဒေသထွက်စားသောက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်မေသန်းနိုင်က အစားအသောက်လုပ်ငန်းများအတွက် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့် FDA ထောက်ခံချက်လျှောက်ထားရာတွင် လိုအပ်ချက်များ၊ ကုန်ညွှန်းအမှတ်တံဆိပ်ဆိုင်ရာ သတ်မှတ်ချက်များအား ရှင်းလင်းဟောပြောပြီး ပြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးဦးထွန်းနိုင်လင်းက စားသုံးဆီရောင်းချခွင့်ရကိုယ်စားလှယ်များလိုက်နာရန်အချက်များ၊ ကုန်ညွှန်းအမှတ်တံဆိပ်တွင်ပါဝင်ရမည့်အချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက စားသုံးဆီနှင့်ပတ်သက်သည့် သိရှိလိုသည်များ၊ ဈေးကွက်လိုအပ်ချက်နှင့်စိန်ခေါ်မှု၊ အားနည်းချက်၊ အားသာချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၉-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ကေ ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ကေ ၁၂၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၁၂၈၅ ကေ လျာထားစိုက်ပျိုးမည်ဖြစ်ပြီး သတ်မှတ်စိုက်ကေပြည့်မီစေရန် ဒေသခံတောင်သူများက ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငရုတ် ၁၂၈၅ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေကိုလည်း ငရုတ်စိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ကေတွေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေဆောင်ရွက်ပေးမှာပါ။ အစားအစာဘေးကင်းစေဖို့အတွက် ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ငရုတ်အပါအဝင် စားဖိုဆောင်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးပြည့်ဝသောသီးနှံများထွက်ရှိရေး၊ အထွက်နှုန်းတိုးတက်စေရေးအတွက် GAP စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်သီးနှံများ စားသုံးသူများကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် နည်းပညာပေးခြင်းနှင့် အထွက်နှုန်းကောင်းသောမျိုးများရရှိစေရန် ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ငရုတ်ကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် လေးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်စတော့အိတ်ချိန်း၌ စက်တင်ဘာလတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိစတော့ရှယ်ယာ အစောင် လေးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၁၁၄၈၉၇၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၁၅၆ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၃၈၄၅၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၀၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၃၆၅၃၀၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၆၀၈ စောင်အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၂၉၃၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၅၆၄၃၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၄၅၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၅၈၅၀၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၂၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၄၂၅၄၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၄၈၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၃၂၆၁၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၅၇၉၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၈၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း အများပိုင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# တာမွေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအခမ်းအနားကို စက်တင်ဘာလ ၁၉ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာပေ၏တန်ဖိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အခြေခံပညာမူလတန်းအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ တာမွေမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲဝင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**ထက်တံခွန်(ပြန်/ဆက်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ရယ်စရာရေးကြခြင်းနှင့်ပတ်သက်၍ ယခုတစ်လောတွင် ညံ့ဖျင်းသောအကျင့်ဆိုးတစ်ခု ပေါ်လာခြင်းကို ကျွန်ုပ် သတိပြုမိ၏။ 'ငေါ့'လုံးဆန်ဆန် စကားတစ်လုံးကို ရေးထည့်ပြီးနောက် ဆိတ်မြည်သံကဲ့သို့ 'ဟဲဟဲ' ဟူသောစကားလုံးကို ရေးထည့်ကြ၏။ ဤသို့ ရေးထည့်ကြခြင်းမှာ ပြက်လုံးဟူ၍ စာဖတ်သူက သဘောမပေါက်ခဲ့သော် 'ပြက်လုံးပါပဲ ရယ်ကြပေတော့'ဟု သတိပေးယူရခြင်းနှင့် တူလှသည်။ ပေါ်လွင်အောင်ရေးတတ်သည့် ရယ်စရာဖြစ်ခဲ့ပါမူ စာဖတ်သူအား 'ဆိတ်မြည်သံ'မျိုးဖြင့် သတိပေးဖို့ လိုအပ်သည်မထင်ပေ။ ဤအသုံးကိုတီထွင်သူမှာ ဇဝနလေလော၊ မိုးကြိုး လေလော မပြောတတ်။ (အခြားလူများလည်းသုံးနေကြသည်။) ကျွန်ုပ်၏ တပည့်သော်တာဆွေလည်းပါခဲ့ပါမူ တပည့်တစ်ယောက်အနေဖြင့် ဤအကျင့်ကို ဖျောက်ဖို့ သတိပေးလိုသည်။

## ကျွန်ုပ်တွေ့ဖူးသည့်ဆရာကြီးများ

မြန်မာပြည်၌ ခေတ်ပညာတတ်ပြီး မြန်မာလိုရေးကြသည့် စာရေးဆရာကြီးများ ရှိကြသည့်အနက် 'မောင်ရင်မောင်မမယ်မ' ဝတ္ထုရေးသည့် ဂျိမ်းစ်လှကျော်၊ ရွှေပြည်စိုးဝတ္ထုနှင့် စံပယ်ပင်ဝတ္ထုများကို ရေးသည့် ဦးမောင်မောင်လတ်တို့သည် စာပေလောကတွင် ကျွန်ုပ်အရင် ပေါ်ထွန်းကြ၍ ကျွန်ုပ်နှင့်လည်း တွေ့ဆုံဖို့ အခွင့်မရသဖြင့် ထိုဆရာကြီးများအကြောင်းကို ကျွန်ုပ် ဖော်ပြရန်မတတ်နိုင်ပေ။ ခေတ်ပညာမတတ်သော ဆရာကြီးများအနက် ကျွန်ုပ်တွေ့ဖူးသည့် ပုဂ္ဂိုလ်သုံးဦးအကြောင်းကို ကျွန်ုပ်သိသလို ဖော်ပြရပေဦးမည်။ ဆရာလွန်းအကြောင်းကို အထက်တွင် အနည်းငယ်ဖော်ပြခဲ့ဖူးသော်လည်း စာပေနှင့်ပတ်သက်၍ ဖြည့်စွက်စရာလေးများ ပေါ်လာသည်နှင့် ထည့်သွင်းဖော်ပြလိုပါသေးသည်။ ၁၉၁၇ ခုနှစ်၌ ကျွန်ုပ်နှင့်တွေ့စဉ်က ဆရာလွန်းမှာ အသက် ၄၂ နှစ်မျှသာ ရှိသေး၍ သုံးလခန့် တစ်စားပွဲတည်းထိုင်ကာ အလုပ်လုပ်ကြရသဖြင့် လျင်မြန်စွာရင်းနှီးလာကြသည်တွင် ဆရာလွန်းသည် ဖိုးသူတော်ဦးမင်း၊ လူဦးမင်း စသည့် စာဆိုတော်များရေးသော (ကာလသားကြိုက်) ခပ်ကြမ်းကြမ်းရေးစပ်ထားသည့် စာပေအတိုအထွာများ၊ အမည်မသိစာရေးဆရာများ ရေးခဲ့သည့် (ဆရာလွန်းရေးစပ်ခြင်းလည်း ဖြစ်နိုင်သည်) ခပ်သောသောတေးထပ်များကို ကျွန်ုပ်အားရွတ်ပြ၍ ကျွန်ုပ်ကလည်း ရေးမှတ်ယူလေ့ရှိ၏။ သူရိယတစ်တိုက်လုံးတွင် ကျွန်ုပ်လောက်ရင်းနှီးသူ တစ်ယောက်မျှမရှိသဖြင့် ကျွန်ုပ်အား အညာသားလေးတစ်ယောက်ဆိုကာ (အညာသားချစ်တတ်သော ဆရာလွန်းက) မည်သူနှင့်မျှမတူအောင် အရောတဝင်ဆက်ဆံခြင်းကြောင့် အဆိုပါ လျှို့ဝှက်သောစာကြမ်းများကို ကျွန်ုပ်အားရွတ်ပြခြင်းဖြစ်လေသည်။ ဆရာလွန်းကိုယ်တိုင်မှာလည်း ယခုနှင့် နှိုင်းစာလျှင် အလွန်ဆုံး လူလတ်တစ်ယောက်အရွယ်မျှသာရှိသေးသည့်အပြင် မြန်မာစာသက်သက်သာတတ်သော ဆရာတစ်ယောက်သည် ခေတ်ပညာတတ် အယ်ဒီတာလေး တစ်ယောက်ထက် လခနည်း၍ မော့ကြည့်ရဦးမည်ကဲ့သို့ ဖြစ်ခဲ့ရသော သူရိယတိုက်ထုံးစံအရ ကျွန်ုပ်တို့လူစုကပင် ဂုဏ်ကြီးသလိုလိုဖြစ်ခဲ့ဖူးသည်နှင့် ဆရာလွန်းသည် ကျွန်ုပ်လိုချင်သော 'စာကြမ်း'များကို ကြည်ဖြူစွာပေးတတ်ရှာသည်။ သို့ရာတွင် ဆရာလွန်းကား တခြားသော မြန်မာဆရာကြီးများနှင့် ခြားနားခြင်းရှိပေသည်။ သူရိယတိုက်၌ ဆရာလွန်းအပြင် တခြားသော မြန်မာဆရာကြီးများလည်း နှစ်ယောက်၊ သုံးယောက်ရှိသေးရာ ကျွန်ုပ်တို့လူစုသည် တခြားသော မြန်မာဆရာများအား ဆက်ဆံမှုနည်းပါးသော်လည်း ဆရာလွန်း၏ပညာကို တန်ဖိုးထားကြဖို့ ကျွန်ုပ်တို့က နားမလည်ကြစေကာမူ ဆရာလွန်း၏ ဥပဓိရုပ်သည် မည်သည့်ပရိသတ်မျိုး၌ဖြစ်စေ မထီမဲ့မြင်ပြုရန်မဖြစ်နိုင်သော ရုပ်မျိုးဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့ ခေတ်ပညာတတ်ကလေးများက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လေးစားကြရလေသည်။ ဆရာလွန်းကိုယ်တိုင်ကလည်း ထိုစဉ်ကတည်းက သူ့ကိုယ်သူ အထင်သေးသည်မဟုတ်၊ တိုက်အုပ်နှစ်ယောက်တို့အား မောင်ဘဖေ၊ မောင်လှဖေဟု ခေါ်လေ့ရှိသည်။

> **"စာရေးဆရာတို့မည်သည် မိမိတို့ စီကုံးဖူးသည့် စာကို တစ်ဦးတစ်ယောက်က အကွက်ဆိုက်သော အခါ၌ ရွတ်ပြလိုက်ခြင်းကိုကြားရသည့်အခါ နှလုံးခွေ့တတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်ပေလိမ့်မည်။ စာတွေကို တစ်ပုံကြီးရွတ်ပြခြင်းထက် အချက်ကျသော အခါ၌ တစ်ပိုဒ်တည်းရွတ်လိုက်ခြင်းသည် နားဝင်ချိုလှသည်. . ."**

ဤနောက်ပိုင်း၌ ဆရာလွန်းသည် နိုင်ငံရေးအရ တိုင်းပြည်၏ဘိုးအေအဖြစ်သို့ ရောက်သော်လည်း ထိုစဉ်ကမူ အလုပ်သမားလခစား မြန်မာဆရာတစ်ယောက်က ခေတ်ပညာတတ် တိုက်အုပ်များအား 'မောင်'တပ်၍ ခေါ်ဝံ့ခြင်းမှာ သေးငယ်သောသတ္တိမဟုတ်ပေ။ သူရိယတိုက်၌ ရှိကြသည့် တခြား မြန်မာဆရာများကမူ (ဆရာလွန်းနှင့် ရွယ်တူလောက်ရှိကြသော်လည်း) တိုက်အုပ်များကို 'မောင်'တပ်၍ခေါ်ဖို့ ဝေးစွ၊ မတ်တတ်ရပ်၍ပင် စကားပြောဝံ့ကြဟန် မတူချေ။

### စာရေးဆရာများ၏ ကြိုက်လုံးကလေး

ကျွန်ုပ်သည် ဆရာလွန်းထံမှ 'စာဝှက်များကို' ချူ၍ ယူရာတွင် ဆရာ့အကြိုက်လုပ်ဖို့နားလည်ပါသည်။ ဆရာလွန်းသည် မစ္စတာမောင်မှိုင်းအမည်နှင့် သူရိယသတင်းစာတွင် အခါအခွင့်ပေါ်တိုင်း လေးချိုးကြီးများ ရေးထည့်လေ့ရှိရာ ကျွန်ုပ်သည် ၎င်းတို့ကို အာဂုံဆောင်ထားပြီး ကိုယ့်ဘာသာကိုယ်လည်း သီဆိုလေ့ရှိ၏။ အခွင့်ကြုံသောအခါများ၌ သူ၏လေးချိုးများကို သူ့အားလည်း ရွတ်ဆိုပြလေ့ရှိ၏။ တစ်နေ့သ၌ ခပ်ကြမ်းကြမ်းပြောလေ့ရှိသော ထိုစဉ်က ထုံးစံအတိုင်း ဆရာလွန်းနှင့် ကျွန်ုပ်သည် ကာမနှင့်စပ်လျဉ်းသော စကားမျိုးပြောမိကြရာ အလွန်တရာ အဓိပ္ပာယ်ဆီလျော်သည်နှင့် သူ၏လေးချိုးကြီးထဲမှ ကျွန်ုပ်က 'သံသရာ ဂနိုင်ကြာမြိုင် အလွန်နက်ပေတဲ့၊ ညွှန်ဗွက်ကန်သူ့အတွင်းဆီသို့၊ သက်ဆင်းကာ မက်ရင်းအာသာရှိသူတို့မှာဖြင့်၊ စက်ကွင်းပမာမှာ လက်ငင်း မကြာမိပြန်တော့'ဟု ရွတ်ပြလိုက်ရာ ဆရာအလွန်ပီတိဖြစ်ပုံရသည်။ စာရေးဆရာတို့မည်သည် မိမိတို့ စီကုံးဖူးသည့်စာကို တစ်ဦးတစ်ယောက်က အကွက်ဆိုက်သောအခါ၌ ရွတ်ပြလိုက်ခြင်းကိုကြားရသည့်အခါ နှလုံးခွေ့တတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်ပေလိမ့်မည်။ စာတွေကို တစ်ပုံကြီးရွတ်ပြခြင်းထက် အချက်ကျသောအခါ၌ တစ်ပိုဒ်တည်း ရွတ်လိုက်ခြင်းသည် နားဝင်ချိုလှသည်။ မုံရွာသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စအတွက် အတူတကွ သွားကြစဉ်ကလည်း ချောင်းဦးဘူတာသို့ ရထားဆိုက်နားလျက်ရှိစဉ် ကျွန်ုပ်က 'ချောင်းဦးဆယ်ရွာက၊ ပြောင်းဖူးသည် မယ်ညှာတို့များ ရှိကြသေးသလား ဆရာရယ်'ဟု ပြောလိုက်ရာ ဆရာကြီး၏ မျက်နှာ၌ အလွန်ကြည်နူးနှစ်သိမ့်သောအမူအရာကို မြင်လိုက်ရခြင်းအားဖြင့် ကျွန်ုပ်အဖို့ ဆုလာဘ်ကြီးရသကဲ့သို့ ထင်လိုက်မိပါသည်။ ကျွန်ုပ် အပြစ်အနာအဆာများ ဒုနှင့်ဒေး ရှိနေရမည်ဖြစ်သော်လည်း ကျွန်ုပ် ကြည်ညိုမြတ်နိုးသော ပုဂ္ဂိုလ်မျိုးအား နှစ်သိမ့်ကျေနပ်အောင် လုပ်လိုက်ရ၍ ကျွန်ုပ်ကို ခင်မင်သဘောကျခြင်းဖြင့် တုံ့ပြန်ခြင်းကိုမြင်လိုက်ရသောအခါ၌ ဖြစ်ပေါ်လာသည့်မုဒိတာစိတ်သည် ကျွန်ုပ်၏ အပြစ်အနာအဆာများအနက်မှ တစ်ဝက်ထက်မနည်း ပြေပျောက်သွားစေနိုင်သည်ဟု ယုံကြည်လျက်ရှိပါသည်။ ထိုအချိန်၌ ကျွန်ုပ်သည် ဆရာကြီး၏လေးချိုးများကို အာဂုံဆောင်ထားပြီး လိုအပ်သောအချိန်တွင် ပေါ်လာတတ်သည့် ကျွန်ုပ်၏ မှတ်ဉာဏ်အတွက် ကိုယ့်ကျောကို ကိုယ် သပ်ပေးချင်စိတ်ဖြစ်မိပါသည်။

### လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

သူရိယတိုက်သို့ ကျွန်ုပ်ရောက်၍ များမကြာမီ ဗြိတိသျှအစိုးရသည် ပဉ္စမမြောက်ဂျော့ဘုရင်အား ချီးကျူးသည့် 'ဘုန်းတော်ဖွဲ့' တစ်ပုဒ်ကို မြန်မာလိုအကောင်းဆုံးစီကုံးနိုင်သူအား ဆုငွေ ၁၀၀၀ ကျပ် ချီးမြှင့်မည်ဟုကြေညာလိုက်ရာ လူဘယ်နှယောက်ကရေးတင်ပြသည်ဟု မမှတ်မိ။ မြန်မာကျောင်းဆရာကြီးတစ်ယောက် စီကုံးသည့်စာကို အကောင်းဆုံးဟု ဆုံးဖြတ်ပြီး ဆုငွေချီးမြှင့်လိုက်ဖူးလေသည်။ တိုက်အုပ်ဦးလှဖေသည် အဆိုပါဘုန်းတော်ဖွဲ့ကို ဆရာလွန်းအားပြ၍ ထင်မြင်ချက်တောင်းလေရာ ဆရာလွန်းက ပြောပလောက်အောင်ပြောင်မြောက်ခြင်း မရှိသည့်အပြင် ကိုယ်တိုင်ရေးစပ်ခြင်းမဟုတ်ဘဲ ဟိုစာသည်စာများမှ အပိုဒ်များကို ထုတ်နုတ်ကာ ပေါင်းစပ်စီကုံးထားခြင်းသာဖြစ်ကြောင်း ပြောလေသည်။ ဤတွင် ဦးလှဖေက အဆိုပါ ဘုန်းတော်ဖွဲ့ကို ဝေဖန်ချက်ရေး၍ သူရိယမဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်လေသည်။ ဆရာလွန်းသည် ဘုန်းတော်ဖွဲ့ထဲမှ စကားလုံးများမှာ မည်သည့်စာများမှ ထုတ်နုတ်ခိုးယူထားခြင်းဖြစ်ကြောင်း ဖော်ပြ၍ တစ်ပိုဒ်စီ တစ်ပိုဒ်စီကို မူရင်းစာပေအထောက်အထားများနှင့်တကွ တင်ပြလိုက်လေ၏။ ဆရာလွန်းတင်ပြသည့်အတိုင်းဆိုပါလျှင် ခိုးယူထားသော ထိုစာပိုဒ်များကို နုတ်ပယ်လိုက်မည်ဆိုပါက ဘုန်းတော်ဖွဲ့တစ်ခုလုံးမှာ '၏' 'သည်' '၍' 'တည်း'ဟူသော စကားလုံးမျိုးမှတစ်ပါး များများစားစား ကျန်တော့သည်မဟုတ်ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# သထုံမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

သထုံ စက်တင်ဘာ ၂၀

မွန်ပြည်နယ် သထုံမြို့နယ် သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာလ ၁၉ ရက်က ထောင်မှူးကျေးရွာ သုဓမ္မဝတီမြို့သစ်ရှိ ရန်ကုန်-ဘားအံ ကားလမ်းဘေးဝဲယာ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးတို့က ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်သူများထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် တက်ရောက်လာသူတို့က ပျိုးပင်များကို သတ်မှတ်ထားသည့် နေရာအသီးသီး၌ စိုက်ပျိုးပေးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားရှိသည့် ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်နှင့် မဟော်ဂနီပျိုးပင် စုစုပေါင်း ၁၀၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



ချမ်းမြေ့

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာဆိုင်ရာ ကုမ္ပဏီများသို့သွားရောက်ကြည့်ရှုလေ့လာပြီး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများကိုတွေ့ဆုံနှုတ်ဆက်၊ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၉ ရက်နေ့ (12th Beijing Xiangshan Forum) ဒုတိယနေ့ (နောက်ဆုံးနေ့)စုံညီအစည်းအဝေး တတိယပိုင်းနှင့် စတုတ္ထပိုင်း (3rd and 4th Plenary Session) တို့သို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်နေ့ ညနေပိုင်းများတွင် ပေကျင်းအခြေစိုက် စစ်ဘက်ဆိုင်ရာအဆင့်မြင့်စက်မှုနည်းပညာဆိုင်ရာ ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ပြီး မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုများ၊ လေကြောင်းနည်းပညာဆိုင်ရာပစ္စည်းများ၊ အီလက်ထရောနစ်စစ်ဆင်ရေးနှင့်လေကြောင်းရန်ကာကွယ်ရေးနည်းပညာဆိုင်ရာ စစ်လက်နက်ပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ပြီး နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့ရှိ သင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၎င်းတို့အတွက် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ ထို့နောက် ပေကျင်းမြို့ရှိ Capital လေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ သင်တန်းသားများနှင့်တွေ့ဆုံစဉ်။

# (၈)ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Xiaohong ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၂၅)သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၄ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကွမ်ကျိုးမြို့မှတစ်ဆင့် ပေကျင်းမြို့သို့ ရောက်ရှိသည်။

စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Rui An ဟိုတယ်၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်၍ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အစည်းအဝေးသဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညနေပိုင်းတွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ လန်ချန်း-မဲခေါင်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုပိုမိုမြင့်မားလာစေပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးစသည့် ကိစ္စရပ်များကိုဆွေးနွေးပြီး ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လုံခြုံရေးဆိုင်ရာ နည်းပညာပြပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၂၅)သို့ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးနယ်ပယ်တွင် လက်တွေ့ဆန်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို နိုင်ငံပေါင်းစုံ အတူတကွလက်တွဲပူးပေါင်းတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းရေးစသည်တို့ကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၈ ရက် ညပိုင်းတွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကာ စက်တင်ဘာလ ၁၉ ရက်တွင် ရှန်ဟိုင်းမြို့ ပြည်သူ့လုံခြုံရေးဦးစီးဌာန၏ Pu Tuo ခရိုင်ရဲဌာနချုပ်သို့ သွားရောက်၍ ရာဇဝတ်မှုခင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသော ရဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ကြည့်ရှုလေ့လာခဲ့ပြီး စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ လန်ချန်း- မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘာ့ဒေသအသီးသီးမှ နိုင်ငံများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ အရလည်းကောင်း အပြုသဘောဆောင်သည့်ရလဒ်များရရှိခဲ့ကြောင်း သိရသည်။

မြဝတီ

## ၃၈ ဖြာမင်္ဂလာ

# ကြိုးစားကြပါ (အပ္ပမာဒေါ စ ဓမ္မေသု)

**ကိုဇော်ဌေး(ယဥ်ကျေးမှု)**

စိုးသူတို့ ကျောင်းဆင်းချိန်မှာ အဖြူရောင်ကားလေးတစ်စီးက မော်ဇာထဲဝင်သွားသည်ကို တွေ့လိုက်ရသည်။

"တို့ရွာမှာ ဧည့်သည်ရောက်နေပြီကွ"

တင့်လွင်က ကားဖြူလေးနောက်ပိုင်းကိုကြည့်ရင်း ပြောလာသည်။ အားလုံးက ကားဖြူလေးကို လှမ်းမျှော်ကြည့်ရင်းနှင့် ကျောင်းဆင်းလာကြသည်။ ရွာထဲရောက်တော့ ရွာသူကြီး ဆေးဆရာဦးခန့် အိမ်ရှေ့မှာ ကားလေးရပ်ထားတာကို တွေ့လိုက်ရသည်။

ညနေရောက်တော့ ရွာမှာ ဧည့်သည်ရောက်နေသည့် သတင်းသည် ပျံ့နှံ့သွားလေသည်။ ဧည့်သည်မှာ ဆေးဆရာဦးခန့်၏ညီဖြစ်သူ အစိုးရဌာနတစ်ခုမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ကြောင်း ကြားရသည်။ ထို့နောက် ဦးခန့်က သူ့ညီဖြစ်သူ ဦးဝင်းပကို ရွာထဲ လိုက်ပြနေတာလည်း တွေ့ရသည်။

"ဖြူဖြူချောချောကြီးပဲကွ"

ကစားဝိုင်းမှာ ကစားနေရင်းနှင့် ပိုင်စိုးက ဦးဝင်းပကို လှမ်းကြည့်ပြီး မှတ်ချက်ပြုသည်။ ဦးဝင်းပသည် ငယ်စဉ်က မော်ဇာမှာနေသွားခဲ့ဖူးသည်။ စိုးသူဖေဖေတို့လို အသက်အရွယ်ပိုင်းတွေက ဦးဝင်းပကိုသိ၍ နှုတ်ဆက်ကြသည်။

စိုးသူ အိမ်ပြန်ရောက်တော့ ဦးဝင်းပအကြောင်းကို ဖေဖေ့အား မေးကြည့်မိသည်။

"ကိုခန့်တို့ ကိုဝင်းပတို့ ငယ်ငယ်တုန်းက စာသိပ်တော်တာ သားရ၊ ကိုခန့်က ဆယ်တန်းအောင်တော့ တိုင်းရင်းဆေးတက္ကသိုလ်တက်လိုက်ပြီး အဲဒီတိုင်းရင်းဆေးပညာနဲ့ ရွာပြန်လာ၊ ရွာသားတွေကို ဆေးကုပေးနေတာ၊ သူ့ညီ ကိုဝင်းပဆိုရင်လည်း စိုက်ပျိုးရေးတက္ကသိုလ်က ဘွဲ့ရပြီး အခုစိုက်ပျိုးရေးအရာရှိကြီးဖြစ်လာတဲ့အထိပဲ"

ဖေဖေက ဆေးဆရာဦးခန့်တို့ ညီအစ်ကိုနှစ်ယောက်အကြောင်းကို စိတ်ရှည်စွာရှင်းပြလေသည်။

"ဖေဖေက ဆယ်တန်းကို (ခ)နဲ့အောင်ပြီး လယ်ယာလုပ်ငန်းကိုပဲ ဇောက်ချလုပ်ကိုင်လိုက်တာ၊ သူတို့လို မမေ့မလျော့ကြိုးစားရင် ဖေဖေလည်း ဖြစ်နိုင်တာပေါ့ကွာ" ဖေဖေ့အသံက နောင်တသံပါနေသည်ဟု စိုးသူခံစားလိုက်ရသည်။ စိုးသူက

"မမေ့မလျော့ဆိုတာ ဘာကိုပြောတာလဲ ဖေဖေ" ဟု နားမရှင်းသည်ကို ထပ်မံမေးမြန်းလိုက်မိသည်။

"ကိုယ့်အလုပ်ကိုစိတ်ဝင်စားပြီး ကြိုးစားနေသူတွေဟာ မမေ့မလျော့ကြသူတွေပဲပေါ့သားရယ်"

ဖေဖေက စိုးသူနားလည်ရဲ့လား ဟူသောအကြည့်နှင့်ကြည့်သည်။ စိုးသူက ဖေဖေပြောတာကို နားလည်သဘောပေါက်ပါသည်။

"လောကမှာ ကြီးပွားတိုးတက်နေသူတိုင်းဟာ



မမေ့မလျော့တဲ့ သတိရှိသူတွေဖြစ်ကြတယ်။ ဆုတ်ယုတ်ပျက်စီးနေသူတွေကို ကြည့်လိုက်ရင်တော့ မေ့လျော့နေသူတွေသာများတယ်၊ သားလည်း မမေ့မလျော့တဲ့ ကျောင်းသားဘဝနဲ့ အတန်းတွေကို တစ်တန်းပြီးတစ်တန်းအောင်မြင်ပြီး ဘွဲ့ဒီဂရီတွေရအောင် ကြိုးစားရမယ်နော်"

ဖေဖေ့စကားအဆုံးမှာ စိုးသူခေါင်းညိတ်၍ ပြလိုက်မိသလို၊ စာကျက်ပျင်းသူ၊ လုံ့လမရှိသူ၊ မေ့လျော့သူတို့၏ဘဝမျိုး၌ မနေထိုင်ဘဲ ပညာရေးကျန်းမာရေးတို့၌ မမေ့မလျော့သောသတိနှင့် ထိပ်တန်းသို့ရောက်အောင် ထာဝစဉ်ကြိုးစားနေသွားမည်ဟု ဆုံးဖြတ်လိုက်မိပါတော့သည်။ ။



## နှတ်ရေးတဲ့ရွှေစာ

ရွှေဘိုမင်္ဂလာဆောင်ကနေ ပြန်လာတဲ့ ရွာသားတစ်ယောက်က အိမ်ရောက်ရောက်ချင်းပဲ အားရပါးရဖောက်သည်ချပါတယ်။

"သတို့သမီးကတော့ ထောင်ထောင်မောင်းမောင်းကြီးဟေ့၊ အသားဖြူချက်ကလည်း ပဲစိမ်းစားဥ အခွံခွာထားသလိုပဲဟ"

"အနေ့ . . . သတို့သားကကော. . ."

"သပြေသီးမှည့်လေးလိုပါပဲကွာ၊ မည်းမည်းပုပု လူဖလံလေးပါ"

"ဒီလိုဆို ရှေ့သွားနောက်လိုက် အတော်ညီမှာပေ့ါ"

"သတို့သားကိုများ ရှေ့ထားပြီး လမ်းလျှောက်သွားရင် လယ်ထွန်စက်ကြီး တရွေ့ရွေ့မောင်းနေသလိုနေမှာပဲဟေ့၊ အခု ဘေးချင်းယှဉ်ပြီး ရပ်နေပုံကြည့်ရတာတော့ သတို့သမီးက ပစ္စတိုခါးချိတ်ထားသလိုပဲဟ"။ ။

**စဆနိုင်**

## လူငယ်နှင့်အောင်မြင်ရေး

# အပျင်းကိုနိုင်နည်း

ပျင်းရိခြင်းသည် အကျိုးယုတ်စေကြောင်း လူတိုင်းသိ၏။ အလုပ်တစ်ခုခုရှိသည့်အခါ နက်ဖြန်သို့မဆိုင်းဘဲ ယခုချက်ချင်းလုပ်မှပြီးပြတ်ကြောင်း သိကြ၏။ သို့သော်လည်း ယခုချက်ချင်း လုပ်ချင်အောင် အဘယ်ပုံကြိုးစားရပါမည်နည်း။

အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်ပါက မလုပ်မီ တစ်ခဏမှာသာ အပျင်းရှိ၏။ ထိုတစ်ခဏကလေးတွင် လုပ်နိုင်သောအလုပ်ကို ယခုထ၍ စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုခက်ခဲသောအစကို စပါလေ။ စမိသောအခါ အပျင်း၏အစွမ်းသတ္တိမာန်စွယ်ကို ချိုးနှိမ်ပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အကြောင်းမူကား စမိသောအခါ မစမီကလောက် မပျင်းတော့ပေ။ ထို့နောက် တစ်မိနစ်ကို ငါးမိနစ်ဖြစ်ပြီးနောက် ၁၀ မိနစ်ဖြစ်အောင်ဆွဲဖို့ရန် သာ၍လွယ်၏။ ထိုနည်းဖြင့် အပျင်းကို နိုင်လေသည်။

ပို၍နိုင်ဖို့ရန် အကူအညီမှာ ပျင်းခြင်းသည် ကျက်သရေမရှိ၊ ဂုဏ်မရှိ၊ သားသားနားနားအလုပ်ကို လုပ်ခြင်းသည် ဂုဏ်ရှိ၏။ အလုပ်လုပ်၍ နေသူအား မလုပ်သော လူပျင်းသည် အလိုလိုရှက်ကြောက်ရှိသေရ၏။ အဖန်ဖန်ဆင်ခြင်တတ်က အပျင်းသည် တစ်စတစ်စလျော့ရလေသည်။

အခြားအကူအညီမှာ အလုပ်နှင့်ဆိုင်ရာ လက်နက်ကိရိယာတို့ကို အလုပ်ဌာန၌ အသင့်ရှိစေရမည်။ အလုပ်၌ ပျော်စရာအချက်တွေကို ရှာရမည်။ အလုပ်နေရာကို သပ်ရပ်စွာထားရမည်။ ဥပမာ လက်သမားသည် ကုလားထိုင်ကို လုပ်ရမည့်အတွက် ပျင်း၍နေ၏။

ငါ အလုပ်မလုပ်သေးဘူး၊ လက်နက်ကိရိယာများကိုသာ အသင့်လုပ်ထားရမည်ဟု အောက်မေ့ကာ လက်နက်များကိုယူ၍ စီမံနေရာချထားပါလေ။ ထို့နောက် ငါမလုပ်သေးဘူး၊ ဒီသစ်သားစောင်းကလေးကို ရွှေ့ရုံသာ ရွှေ့ကြည့်စမ်းမယ်ဟု မိမိကိုယ်ကိုပြောကာ နည်းနည်းတိုး၍ လုပ်ရမည်။ ထိုနည်းဖြင့် အပျင်းကိုနိုင်ရုံမက တစ်စတစ်စအလုပ်၌ အကျင့်ပါပြီး အပျင်းရောဂါမှ ကင်းလွတ်နိုင်လေသည်။

အပျင်းမှာ အလုပ်ကိုကြောက်သော အကြောက်တစ်ခုရှိ၏။ ထိုအကြောက်ကိုလည်း နိုင်ဖို့နည်းရှိလေသည်။ အလုပ်များခြင်းနှင့် နည်းခြင်းကိုကြည့်လျှင် ကြောက်မက်ဖွယ်ကောင်း၏။ ပညာသင်သောသူသည်လည်းကောင်း၊ စာအုပ်ကြီးကို ဖတ်ရမည့်သူသည်လည်းကောင်း၊ အဆုံးဘက်ကို မကြာခဏကြည့်ချေက တော်တော်နဲ့ပြီးမှာမဟုတ်၊ ပေါက်ရောက်မှာမဟုတ်ဟုတွေးကာ စိတ်လျှော့တတ်လေသည်။ ထိုကဲ့သို့မကြည့်ဘဲ ဤမျှသာ ပြီးအောင်လုပ်မည်။ ယခု ငါ့မှာ လုပ်စရာ ဤအစကလေးသာရှိသည်။ ဤနည်းနည်းကလေးကို ပြီးအောင်လုပ်ရမည်။ အဘိဓာန်ကြည့်သူသည် အလွန်ကြီးသော အလုပ်ကြီး၏အဆုံးသို့ လှမ်းမျှော်လျှင် များစွာစိတ်ပျက်ဖွယ်ဖြစ်လိမ့်မည်။ ကကြီးတစ်လုံးကို ငါသေသေချာချာ ကုန်စင်အောင်ရေးမည်ဟု သဘောထားချေက စိတ်ပျက်ဖွယ်ကို မြင်မည်မဟုတ်ပေ။ အချိန်သည် မကုန်မီမှာသာ ကြာသည်ထင်ရ၏။ ကုန်လွန်သောအခါ မကြာလှပေ။ အလကားနေလျှင် နောင်သုံးနှစ်ကြာသောအခါ ငါ့မှာ တစ်စုံတစ်ရာရမည်မဟုတ်။ ယနေ့လုပ်လျှင် ယနေ့အတွက်ရ၏။ ထိုသို့လုပ်သူမှာ ယနေ့တစ်နေ့အတွက်လုပ်ရင်း သုံးနှစ်ကြာသောအခါ အဖိုးတန်တစ်စုံတစ်ရာကို စုပုံပြီးရရှိလေသည်။ လုပ်ရသည်ကား သုံးနှစ်စာကို လုပ်ရသည်မဟုတ်ပေ။ တစ်နေ့စာကလေးမျှသာ လုပ်ရ၏။ တစ်နေ့ကိုသာ တွေး၍ လုပ်ပါ။ သုံးနှစ်တာကာလသည် အလိုလိုဖြစ်၍ လာလိမ့်မည်။ သုံးနှစ်ကို တင်ကြိုမမျှော်နှင့်၊ ယခုမျက်မှောက်အချိန်ကလေး အချည်းအနှီးဖြစ်မှာကိုသာ နှမြောပါလေ။ တစ်နေ့တစ်လံ သွားရခြင်းသည် အနည်းငယ်မျှ မပင်ပန်းပေ။ နောင်နှစ်ကာလ အတော်ကြာသောအခါ မပင်ပန်းဘဲနှင့် ခရီးပေါက်ရောက်ပြီး ဖြစ်၍နေလိမ့်မည်။ တစ်နေ့လျှင် တစ်လံမျှ မသွားသူမှာ သွားသူထက်ပို၍မသက်သာပေ။ နောက်ဆုံး၌ ခရီးမရောက်ခြင်းသာ ခြားနားလေသည်။

တစ်နေ့လျှင် အင်္ဂလိပ်စကားတစ်လုံးမှတ်ရခြင်းသည် မမှတ်သူထက် ပို၍မပင်ပန်းပေ။ သုံးနှစ်ကြာသောအခါ အများကြီးရလိမ့်မည်။ တစ်လုံးမျှမမှတ်သူမှာ မှတ်သူထက်ပို၍ သက်သာခြင်းမရှိပေ။ သုံးနှစ်ကြာသောအခါ တစ်စုံတစ်ရာမျှ မရခြင်းသာ ခြားနားလေသည်။ သုံးနှစ်မက ငါးနှစ်၊ ဆယ်နှစ်သည် မကြာမီကုန်လွန်တတ်၏။ ကုန်သောအခါကျမှ ပြန်၍နှမြောချေက ရတော့မည်မဟုတ်ပေ။ သုံးနှစ်ကြာမှ တတ်မှာ ဘာလုပ်မှာလဲဟု တွေးတတ်ကြ၏။ သုံးနှစ်ကြာပြီးနောက် မတတ်ဘဲနေခြင်းက သာ၍မဆိုးပါလော။ ဘယ်အခါမှတတ်တတ် တစ်နေ့တစ်လုံးမှတ်ရခြင်းကြောင့် ပင်ပန်းပါသလော။ မပင်ပန်းလျှင် အဘယ်အတွက် ညည်းညူရန်ရှိပါသနည်း။ "အိုကာမှ ငွေတစ်ရာ" ဟူသောစကားလည်း ထို့အတူဖြစ်လေသည်။ ပင်ပန်းစွာ ခြိုးခြံခြင်း မပြုရဘဲလျက် အိုသောအခါ မတော်တဆအရေးတကြီးလိုသဖြင့် ငွေ ၁၀၀ အားကိုးဖို့ရှိချေက မရှိသူထက် မကောင်းပါလော။ ။

**ဆရာကြီးပီမိုးနင်း၏ "သုခချမ်းသာ စိတ်ပညာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

**ပီမိုးနင်း**

# ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး



ပဲခူး စက်တင်ဘာ ၂၀

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာလ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည်ပဲခူးမြို့နယ်အတွင်းရှိပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုတို့က ပဲခူးမြို့နယ်အတွင်းရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်၊ ဆီများပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကြောင်း သိရသည်။ **၄၀၁၊ တင်စိုး(ပဲခူး)**

## မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းဆောင်ရွက်

**ပင်းတယ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဓမ္မာရုံ၌ စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြပေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ပင်းတယမြို့နယ်ရဲတပ်ဖွဲ့မှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဟန့်တားဖျက်ဆီးခြင်းနှင့် ကာကွယ်ပေးရေးဥပဒေမှ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့်ပင်းတယမြို့ပေါ် ရပ်ကွက်မှဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပင်းတယမြို့ပေါ်ရပ်ကွက်မှ ဒေသခံပြည်သူများက ရပ်ကွက်အတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၅)

## လူငယ်နှင့် ဆိုရှယ်မီဒီယာအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေး

**ပင်လုံ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်နှင့်ဆိုရှယ်မီဒီယာအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၀ ရက်တွင်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝင်းနွဲ့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိမြတ်နိုးသူက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပါဝင်ဆွေးနွေးကြမည့် ကျောင်းသား၊ ကျောင်းသူများအားဖိတ်ခေါ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုစတင်ကြသည်။

ဆွေးနွေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများက "လူငယ်နှင့် ဆိုရှယ်မီဒီယာအကြောင်း သိကောင်းစရာ" ခေါင်းစဉ်နှင့်ပတ်သက်၍ ဆိုရှယ်မီဒီယာကိုအသုံးပြုခြင်း၏ ကောင်းကျိုး/ဆိုးကျိုးများ၊ ဆိုရှယ်မီဒီယာနှင့် လူမှုရေး၊ ကျန်းမာရေး၊ နည်းပညာ၊ AI အသုံးပြုတီထွင်နိုင်မှု၊ မိုးလေဝသသတင်းများ၊ သတင်းတု/သတင်းမှားများ၊ ဆိုရှယ်မီဒီယာအသုံးပြုခြင်းဖြင့် ရရှိနိုင်သော အသိပညာဗဟုသုတများ အစရှိသည်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူနှင့်ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။ (၄၁၄)

## ကလေးခရိုင်၌ ပဲပုပ်သီးနှံဧက ၁၁၀၀၀ ကျော်စိုက်ပျိုးမည်

**ကလေး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်၌ ၈၉၇၉ ဧက၊ ကလေးဝမြို့နယ်၌ ဧက ၂၆၀ နှင့် မင်းကင်းမြို့နယ်၌ ၁၉၅၆ ဧက စုစုပေါင်း ၁၁၁၉၅ ဧကတို့ဖြစ်ကြောင်းနှင့်အဆိုပါစိုက်ပျိုးမှုကို ယခုနှစ်အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် ကလေးခရိုင်မှာ ပဲပုပ်သီးနှံဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလည်း ဆောင်ရွက်သွားမယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေသိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလည်းဖြစ်ပါတယ်" ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကပြောသည်။

ကလေးခရိုင်၌ ပဲပုပ်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မြတ်နိုးဖွယ်ရာမြန်မာကဗျာ

### ဘဝလမ်း

❖ ငါလျှောက်မည့်လမ်း၊ ဆူးခက်လွှမ်း၍
မြက်ကြမ်းလိမ်ရှုပ်၊ နွယ်ချုံပုတ်နှင့်
သစ်ငုတ်များစွာ၊ ကျည်းတန်စွာလျှင်
ဆီးကာအံ့လော၊ သို့ တွေးတောလျက်
ဒေါသမာန်ဝင်၊ ကန်ကျောက်စဉ်ဝယ်
ငါလျှင် ခံခက်၊ သွေးစက်စက်ဖြာ
ခြေလက် နာ၏။

❖ ဤလမ်း၌ပင်၊ အတွေးပြင်၍
မြက်ပင်ကိုနုတ်၊ ဆူးကိုခုတ်၏
သစ်ငုတ်ကိုထွင်း၊ ချုံကိုရှင်း၏
တေးချင်းဆိုကာ၊ ဤနေရာဝယ်
ငါနှင့်မခြား၊ လူအများတို့
သွားစေလာစေ၊ ပြေချောစေဟု
စိတ်နေမြင့်စွာ၊ ကျင့်သောခါဝယ်
လိုရာ ငါရောက် ခဲ့ပါ၏။

❖ လမ်းကောင်းလမ်းဆိုး၊ ထို နှစ်မျိုးတွင်
ဆိုးကောင်းဟူဘိ၊ မြင်အသိကို
မိမိစိတ်သာ ဖန်ဆင်း၏။ ။

**မြင်းမူမောင်နိုင်မိုး**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၂၅(တနင်္ဂနွေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၇။ | ၁၄:၀၀ | သတင်းသုံးသပ်ချက် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၈။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၃။ | ၀၉:၀၀ | မြန်မာသံစဉ်ချိုနှားဝင် | ၉။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၇)** |
| ၄။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၁၀။ | **ည ၈ နာရီ သတင်း အပြီး** | အမျိုးသားရေး တေးကဗျာ |
| ၅။ | ၁၂:၀၀ | Weekly National News | ၁၁။ | | ပန်းပေါင်းစုံစွာ အနုပညာ |
| ၆။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး | ၁၂။ | | တရားတော် |

## MWD Variety Channel ၂၁-၉-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၄:၁၅ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၃။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ
၄။ ၂၁:၁၅ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်

## MWD Education, Knowledge & Sports Channel

၂၁-၉-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၁၅ | Grade - 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၀၀ | Grade - 11 | ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၁၅ | Grade - 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၁၅ - ၁၉:၄၀ | Grade - 11 | သမိုင်း၊ ဘောဂဗေဒ |

# ဝမ်းချုပ်ခြင်းကို သက်သာစေသော သဘာဝဝမ်းနုတ်ဆေးများကဲ့သို့ အစားအစာများ

ဝမ်းချုပ်ခြင်းသည် စိတ်မသက်မသာဖြစ်ပြီး နာကျင်သည့်အတွေ့အကြုံတစ်ခုဖြစ်သောကြောင့် မကုသပါက ရောဂါအခြေအနေဆိုးရွားသွားတတ်ပါသည်။ လူအများစုသည် ဝမ်းချုပ်ခြင်းနှင့်ရုန်းကန်နေရသော အခြေအနေမှ ချက်ချင်းသက်သာရာရစေရန် ဝမ်းနုတ်ဆေးများကို အားကိုးနေရသော်လည်း တချို့သော အစားအစာများစားခြင်းသည် အူလမ်းကြောင်း လှုပ်ရှားမှုကိုကူညီပေးပြီး ဝမ်းချုပ်ခြင်းကိုသက်သာစေသည်။ တချို့သောအသီးအနှံများတွင် Sorbitol ဟုခေါ်သော သဘာဝသကြားဓာတ် ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ဝမ်းနုတ်ဆေးအာနိသင်ရှိသည်။ နေ့စဉ်စားသော အစားအစာများသည်ဝမ်းချုပ်ခြင်း သို့မဟုတ် မကြာခဏဝမ်းသွားခြင်း စသည့် ထူးခြားမှုကိုဖြစ်စေနိုင်သည်။ တချို့သောအစားအစာများသည် သက်သာရာရရန် ကူညီပေးနိုင်ပြီး တချို့က ပိုဆိုးစေနိုင်သည်။

### အစားအသောက်နှင့် ဝမ်းချုပ်ခြင်း

ဝမ်းချုပ်ခြင်းသည် ရုံဖန်ရံခါ သို့မဟုတ် နာတာရှည် ဖြစ်နိုင်ပြီး အထိုင်များသော နေထိုင်မှုပုံစံမှသည် အူသိမ်အူမရောဂါကဲ့သို့သော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါဆိုင်ရာအခြေအနေများအထိ ဖြစ်စေနိုင်သည်။ သို့သော်လည်း ဝမ်းချုပ်သောကိစ္စတိုင်းလိုလိုတွင် အစားအသောက်က အရေးကြီးသော အချက်ဖြစ်သည်။ အမျှင်ဓာတ်သည် ဝမ်းချုပ်ခြင်းနှင့် ဝမ်းသွားရခက်ခဲခြင်းတို့ကို သက်သာစေသော အစားအစာများ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ အမျှင်ဓာတ်များသော အစားအစာများကိုချက်ပြုတ်နည်းများသည် အစာခြေခြင်းဆိုင်ရာ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည့်အပြင် အမျှင်ဓာတ်ကို ဝမ်းထဲသို့ အများအပြားထည့်ခြင်းဖြင့် ဝမ်းမှန်စေသည်။ အမျှင်ဓာတ်သည် အစာခြေလမ်းကြောင်းရှိ ကျန်းမာသော ဗက်တီးရီးယားများ၏ ဟန်ချက်ညီမှုကို ထောက်ပံ့ပေးပြီး အစာခြေလမ်းကြောင်းတစ်လျှောက်ကြွက်သားများလှုပ်ရှားမှုကိုလည်း ကူညီပေးသည်။

### အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများ

အစားအစာများတွင်တွေ့ရသော အမျှင်ဓာတ်နှစ်မျိုးရှိသည်။ ပျော်ဝင်နိုင်သော အမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သော အမျှင်ဓာတ်တစ်မျိုး သို့မဟုတ် နှစ်မျိုးစလုံးကြွယ်ဝသော အစားအစာများသည် ရုံဖန်ရံခါနှင့် နာတာရှည်ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သည်။ မပျော်ဝင်နိုင်သောအမျှင်ဓာတ်သည် မကြေနိုင်သောအစားအစာမှထွက်လာပြီး ခန္ဓာကိုယ်မှ မစုပ်ယူနိုင်သောကြောင့် ခန္ဓာကိုယ်ထဲသို့ဝင်သွားသည်နှင့်အမျှ ပြန်ထွက်သွားသည်။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် ဝမ်းမှန်စေရန်အတွက် နေ့စဉ်အမျှင်ဓာတ် ၂၈ ဂရမ်ခန့်လိုအပ်ပြီး အစားအသောက်များတွင် အမျှင်ဓာတ်မရှိခြင်းကြောင့် ဝမ်းချုပ်စေနိုင်သည်။ တချို့သောအစားအစာများနှင့် လတ်ဆတ်သော အသီးအနှံများကို သဘာဝအတိုင်း နေ့စဉ်စားသောက်ခြင်းသည် ဝမ်းနုတ်ဆေးများကို အစားထိုးရာတွင် အထောက်အကူဖြစ်စေပါသည်။ သို့သော် ဝမ်းချုပ်ခြင်းအတွက် ရေရှည်သက်သာခွင့်ရစေရန်၊ ပျော်ဝင်နိုင်သော အမျှင်ဓာတ်ကြွယ်ဝသည့် သဘာဝဝမ်းနုတ်ဆေးများကဲ့သို့ အကျိုးအာနိသင်ရှိသောအစားအစာများကို ပြောင်းလဲစားသောက်ရန်လိုအပ်ပါသည်။

မပျော်ဝင်နိုင်သော အမျှင်ဓာတ်များသည့် အစားအစာများတွင် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့်ပြောင်းဖူးပေါက်ပေါက်၊ အခွံမာသီးနှင့် အသီးခြောက်များပါဝင်သည်။ ပျော်ဝင်နိုင်သော အမျှင်ဓာတ်သည် ရေတွင်ပျော်ဝင်သော အမျှင်တစ်မျိုးဖြစ်သည်။ အစာခြေလမ်းကြောင်းအတွင်း ပျော်ဝင်နိုင်သောအမျှင်ဓာတ်အမြောက်အမြားသည် ရေတွင်ပျော်ဝင်သောအခါ ဂျယ်လ်တစ်မျိုးဖြစ်သွားသည်။ ဂျယ်လ်သည် သဘာဝအလျောက် ဝမ်းပျော့ဆေးအဖြစ် လုပ်ဆောင်ပေးသောကြောင့် ဝမ်းသွားခြင်းကို ပိုမိုလွယ်ကူစေပြီး ဝမ်းချုပ်ခြင်းကို သက်သာသွားစေသည်။ ပျော်ဝင်နိုင်သောအမျှင်ဓာတ်ကို အစေ့အဆန်များ၊ ပန်းသီး၊ ငှက်ပျောသီး၊ ချက်ပြုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့် Oatmeal တို့တွင် တွေ့ရှိနိုင်သည်။

ဝမ်းချုပ်ခြင်းအတွက် အကြံပြုထားသည့် အစားအစာတချို့တွင် အမျှင်ဓာတ်နှစ်မျိုးစလုံးပါဝင်သည်။ ဥပမာအားဖြင့် အာလူးနှင့် ပန်းသီးများသည် အပြင်အခွံတွင် မပျော်ဝင်နိုင်သော အမျှင်ဓာတ်များနှင့် အတွင်းပိုင်း၌ ပျော်ဝင်နိုင်သော အမျှင်ဓာတ်များပါရှိသည်။

ဝမ်းချုပ်ခြင်းကိုသက်သာစေရန် အမျှင်ဓာတ်များများစားပါ။ ရုံဖန်ရံခါဝမ်းချုပ်ခြင်းကိုခံစားရပါက ပုံမှန်ဝမ်းလှုပ်ရှားမှုအချိန်ဇယားအတိုင်း ပြန်လည်ရောက်ရှိရန် အမျှင်ဓာတ်စားသုံးမှုကို ရက်အနည်းငယ်ကြာလုံလောက်စွာတိုးမြှင့်ပါ။ နာတာရှည်ဝမ်းချုပ်ခြင်းအတွက် အမျှင်ဓာတ်ကြွယ်ဝပြီး ရေရှည်စားသောက်မှုအစီအစဉ်ကို ဖန်တီးရာတွင် ကူညီပေးနိုင်သောအစားအသောက်ပညာရှင်နှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

### ဝမ်းချုပ်ခြင်းကို သက်သာစေသော သဘာဝဝမ်းနုတ်ဆေးများကဲ့သို့ အစားအစာများ

#### သင်္ဘောသီး

သင်္ဘောသီးသည် သွေးချိုဆီးချိုသမားများအတွက်သာမက ဝမ်းချုပ်သူများအတွက်လည်း အထူးကောင်းမွန်သောအသီးတစ်မျိုးဖြစ်သည်။ ဘေးထွက်ဆိုးကျိုးမရှိဘဲ အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေသော သဘာဝဝမ်းနုတ်ဆေးဖြစ်သည်။

#### ပန်းသီး

ပန်းသီးတွင် ပျော်ဝင်နိုင်သောအမျှင်ဓာတ်တစ်မျိုးဖြစ်သည့် Pectin ကြွယ်ဝသောကြောင့် အစာအိမ်၏လုပ်ဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည်။ အစာချေဖျက်မှုကိုလှုံ့ဆော်ပေးသည့်ရေနှင့် သဘာဝသကြားဓာတ်များလည်းပါဝင်သည်။ အမျှင်ဓာတ်အများဆုံးပါဝင်နိုင်စေရန် ပန်းသီးကို အခွံနှင့် စားရန်လိုသည်။

#### ဆီးသီး

ဆီးသီးနှင့်ဆီးသီးဖျော်ရည်များသည် အမျှင်ဓာတ်များအပြင် အူလမ်းကြောင်းလှုပ်ရှားမှုကို လှုံ့ဆော်ပေးနိုင်သော သဘာဝသကြားဓာတ် Sorbitol ကြွယ်ဝစွာပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သည်။ Sorbitol မော်လီကျူးများသည် အစာခြေမှုတွင် မပြိုကွဲဘဲ အူမကြီးသို့ရောက်ရှိသောအခါ ခန္ဓာကိုယ်က ဖယ်ရှားပစ်လိုပြီး တုံ့ပြန်မှုကြောင့် အူလှုပ်ရှားမှုကို ဖြစ်ပေါ်စေသည်။

"အစားအစာများတွင်တွေ့ရသော အမျှင်ဓာတ် နှစ်မျိုးရှိသည်။ ပျော်ဝင်နိုင်သော အမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သော အမျှင်ဓာတ်တစ်မျိုး သို့မဟုတ် နှစ်မျိုးစလုံးကြွယ်ဝသော အစားအစာများသည် ရုံဖန်ရံခါနှင့် နာတာရှည်ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သည်။ မပျော်ဝင်နိုင်သော အမျှင်ဓာတ်သည် မကြေနိုင်သောအစားအစာမှထွက်လာပြီး ခန္ဓာကိုယ်မှ မစုပ်ယူနိုင်သောကြောင့် ခန္ဓာကိုယ်ထဲသို့ဝင်သွားသည်နှင့်အမျှ ပြန်ထွက်သွားသည်. . ."

#### ကီဝီသီး

ကီဝီသီးသည် ပျော်ဝင်နိုင်သောအမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သောအမျှင်ဓာတ်နှစ်မျိုးစလုံး၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး ဝမ်းကိုပျော့စေခြင်းဖြင့် ဖြတ်သန်းရလွယ်ကူစေသည်။ လေ့လာမှုများအရ ကီဝီသီးသည် မကြာခဏဝမ်းသွားစေပြီး အူလမ်းကြောင်းကျန်းမာရေးကို ကောင်းမွန်စေသည်။

#### အစိမ်းရောင်ဟင်းသီးဟင်းရွက်များ

ဟင်းနုနယ်၊ ကိုက်လန်နှင့် ပန်းဂေါ်ဖီစိမ်းကဲ့သို့သော ဟင်းသီးဟင်းရွက်များသည် ပျော်ဝင်နိုင်သော အမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သော အမျှင်ဓာတ်များ ကြွယ်ဝပြီး ဝမ်းပျော့ပျော့သွားစေရန် ကူညီပေးနိုင်သည်။ အစိမ်းရောင်ဟင်းသီးဟင်းရွက်များတွင် အလုံးစုံကျန်းမာရေးအတွက် အကျိုးပြုသော ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည်။

#### ပဲအမျိုးမျိုးနှင့်ပဲပင်များ

ပဲအမျိုးမျိုးနှင့် တခြားပဲပင်များသည် ပျော်ဝင်နိုင်သောအမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သော အမျှင်ဓာတ် နှစ်မျိုးစလုံး၏ အကောင်းဆုံးအရင်းအမြစ်များဖြစ်သည်။ အူလမ်းကြောင်းလှုပ်ရှားမှုများကို ထိန်းညှိပေးပြီး ကျန်းမာသောအူလမ်းကြောင်း ဗက်တီးရီးယားများကို မြှင့်တင်ပေးနိုင်သည်။

#### အုတ်ဂျုံ(Oats)

အုတ်ဂျုံကို နေ့စဉ်စားသုံးခြင်းသည် အူမကြီးအတွင်းရှိ အကျိုးပြုဗက်တီးရီးယားများကို အားကောင်းစေခြင်းနှင့် ဝမ်းချုပ်ခြင်းကြောင့်ဖြစ်ရသည့် နာကျင်မှုကို လျှော့ချပေးခြင်းဖြင့် အူလမ်းကြောင်းကျန်းမာရေးကို အထောက်အကူပြုပါသည်။

#### ချီယာစေ့ (Chia Seed)

သေးငယ်သောအစေ့များသည် သဘာဝအတိုင်း ပျော်ဝင်နိုင်သော အမျှင်ဓာတ်များပါဝင်ပြီး ရေကိုစုပ်ယူကာ အစာအိမ်အတွင်း ဂျယ်လ်ကဲ့သို့ အရာဝတ္ထုများ ဖြစ်ပေါ်လာစေသဖြင့် နေ့စဉ် ဝမ်းအမြောက်အမြားကို ဖြတ်သန်းရလွယ်ကူစေသည်။ အမျှင်ဓာတ်များပါဝင်သဖြင့် ရေကိုစုပ်ယူနိုင်ပြီး ဝမ်းထဲသို့ အမြောက်အမြားထည့်နိုင်သည်။ Omega-3 Fatty Acid ပါဝင်သောကြောင့် အစာအိမ်ကျန်းမာရေးကို ကောင်းမွန်စွာ အကျိုးသက်ရောက်စေသည်။

ဝမ်းချုပ်ခြင်းကို ကာကွယ်ရန်နှင့် သက်သာရာရရန် အစားအစာများအပြင် ရေများများသောက်ရန် အရေးကြီးပါသည်။ ရေသည် ဝမ်းကိုပျော့စေပြီး ဝမ်းသွားရလွယ်ကူစေသည်။

#### ရှောင်ကြဉ်သင့်သော အစားအစာများ

ဆီ၊ ဒိန်ခဲ၊ ထောပတ်နှင့် အဆီများသောအစားအစာများသည် ဝမ်းချုပ်ခြင်းကို အထောက်အကူပြုနိုင်သည်။ ကြော်ထားသောအစားအစာများ၊ ပြုပြင်ထားသော အသားများ၊ ဖုတ်ထားသောအစားအစာများနှင့် တခြားအဆီများသောအစားအစာများ စားသုံးခြင်းသည် နာတာရှည်ဝမ်းချုပ်ခြင်း၏ တရားခံဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဝမ်းချုပ်ခြင်းကိုသက်သာစေရန် သဘာဝဝမ်းနုတ်ဆေးအဖြစ် လုပ်ဆောင်နိုင်သော အစားအစာများသည် အမျှင်ဓာတ်များစွာပါဝင်ပြီး အစာခြေစနစ်ကို ပိုမိုလွယ်ကူစွာ ရွေ့လျားနိုင်ရန် ကူညီပေးသဖြင့် ဝမ်းချုပ်ခြင်းကိုကုသရန် ရေရှည်အကျိုးကျေးဇူးများကိုပေးစွမ်းနိုင်သည်။ သို့ဖြစ်၍ နေ့စဉ်ပုံမှန်အစားအသောက်များတွင် အမျှင်ဓာတ်ကြွယ်ဝသော သဘာဝဝမ်းနုတ်ဆေးများကဲ့သို့ အကျိုးအာနိသင်ရှိသောအစားအစာများကို ရွေးချယ်စားသောက်ခြင်းဖြင့် ဝမ်းမှန်စေနိုင်ပြီး ဝမ်းချုပ်ခြင်းမှကင်းဝေးစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

---

## ရွှေတောင်မြို့နယ်၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရွှေတောင် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မီးလောင်ကျေးရွာအုပ်စု ဝါးလည်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်ဇော်နှင့် တာဝန်ရှိသူများသည် ဝါးလည်ခေတ်မီစံပြကျေးရွာ၌ အရှည် ၄၄၀၄ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၇၈ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စကားပုံဆက်ပြိုင်ပွဲကျင်းပ



ကဝ စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေးတို့အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြိုင်ပွဲများကျင်းပရာစကားပုံဆက်ပြိုင်ပွဲတွင် အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် ပြည်သူ့စာကြည့်တိုက်အတွင်း ပြသထားသော သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးနံရံကပ်စာစောင်နှင့်သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ဝင်စားစွာလေ့လာဖတ်ရှုကြကြောင်း သိရသည်။

အောင်ဖြူလင်း၊ (၄၁၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ရွေးကောက်ပွဲကြီး နီးလာပြီ

❖ ဒီမိုကရေစီ ခရီးလမ်း
လျှောက်လှမ်းစို့ တူပျော်ပျော်။
ဒီမိုကရေစီ ပန်းတိုင်ကြီး
နီးပြီကွဲ့နော်။
အဆင့်အတန်းမြင့်စေဖို့
အခွင့်အလမ်းဖွင့် ပုံဖော်
နိုင်ငံတော် ရှေ့ရေး။
စည်ဖြိုးအောင်လို့
ပြည်ကျိုးဆောင် ကိုယ်စားလှယ်များကို
အားပြုစို့လေး။

❖ ပြည်ကျိုးဆောင် ကိုယ်စားလှယ်များက
နိုင်ငံ့အား နိုင်ငံ့ရတနာ။
နိုင်ငံ့ဂုဏ် ဆောင်ဖော်ညွှန်းလို့
မော်ကွန်းတင်မှာ။
ပုဂ္ဂိုလ်စွဲ အလိုမလိုက်ပါ
ကိုယ်ကြိုက်ရာ ရွေးချယ်ရေး။
ကိုယ်စားလှယ် ရွေးကောက်ပွဲကို
နွှဲကြစို့လေး။

❖ ဒီမိုကရေစီ အနှစ်သာရ
ပြည့်ဝဖို့ ဆိုရာတွင်။
လွှတ်တော်ဝင် ကိုယ်စားလှယ်ရွေးလို့
မဲပေးဖို့ပင်။
နိုင်ငံအနှံ့ တစ်ခွင်တစ်ပြင်
ပါဝင်ကြ တစ်ခဲနက်။
ဒီမိုကရေစီ အခြေခံကောင်းအောင်
ပူးပေါင်းဆောင်ရွက်။

❖ ဒီမိုကရေစီ အစိုးရ
ပြည်သူက ရွေးချယ်ကာ။
ဒီမိုကရေစီ နန်းပေါ်ရောက်အောင်
တင်မြှောက်ရမှာ။
လွှတ်တော်အသီးသီး ဖွဲ့စည်းရာ
ပါဝင်ဖို့ တာဝန်ပေး။
အဆုံးအဖြတ်ပိုင်နိုင်တဲ့
သုံးရပ်မဏ္ဍိုင် ခိုင်သန်ရေးကို
ရှေးရှုစို့လေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏မဲရလဒ်

မောင်အိပ်စ်ဇဲ

ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များအသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်မည့်သူများအား “မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း” သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျမဲလက်မှတ်နှင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုသည်။

**မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ**

မဲပေးစက်ကို စက်အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါအစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU)နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit – VU)များသည် မဲဆန္ဒရှင်နှင့်သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit – CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်းဖြစ်သည်။ မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာတည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့်နေရာများတွင်လည်းသုံးနိုင်ရန် Battery စနစ်ကို အသုံးပြုထားသည်။ ထို့ပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ်မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့် အပေါက်များမပါဝင်ခြင်းအပြင် မဲပေးစက်အစိတ်အပိုင်း တစ်ခုနှင့်တစ်ခုကို မည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့်တီထွင်ထားသည်။ မဲပေးစက်၏ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက်ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသောနည်းလမ်းဖြင့်မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလိုပြင်ဆင်ဆောင်ရွက်၍မရနိုင်ပါ။

**မဲပေးစက်ဖြင့် မဲပေးခြင်း**

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်းလွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုးမရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကိုနှိပ်ကာမဲပေးနိုင်သည်။ ထို့နောက် မိမိဆန္ဒပြုခြင်းမှန်၊ မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို ၄ စက္ကန့်မျှကြည့်ရှုစစ်ဆေးနိုင်သည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်သည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိသည်။ သို့သော် မဲပုံးထဲကျသွားသောဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာမှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍မရနိုင်ပါ။ ယခင်မဲလက်မှတ်နှင့်ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ထည့်ခဲ့ကြရသည်။

**မဲမပေးမီ မဲပေးစက်အားစစ်ဆေးခြင်း**

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက်ကိုင်တွယ်သူများသည် မဲပေးခြင်းမစတင်မီ မဲပေးစက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအား သေချာစွာ တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ၊ မရှိ မဲရုံကိုယ်စားလှယ်များရှေ့မှောက်တွင်စစ်ဆေးပြီး သတ်မှတ်ပုံစံများဖြည့်သွင်း၍ လက်မှတ်ရေးထိုးရသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရသည်။ ဆက်လက်၍ "Total" ခလုတ် (မဲပေးပြီးသည့်အရေအတွက် စစ်ဆေးသည့်ခလုတ်) ကိုနှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှုလုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရသည်။ ထိုသို့ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်ပေးရသည်။

**မဲပေးနေစဉ် ထိန်းချုပ်စက်ကိုင်တွယ်သူ၏လုပ်ငန်း**

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင်လျှို့ဝှက်ဆန္ဒပြုခန်းသို့ရောက်လျှင် ထိန်းချုပ်စက်ရှိ "Ballot" ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုခွင့်ပြုပေးရသည်။ ထိုသို့ခွင့်ပြုပေးလိုက်သည်နှင့်တစ်ပြိုင်နက် ထိန်းချုပ်စက်ရှိ Display Screen တွင် "Start"ဟူသောစာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာသည်၊ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည်ဖြစ်သည်။ မဲဆန္ဒရှင်မဲပေးပြီးပါက ထိန်းချုပ်စက်တွင်အသံတိုထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည်ဖြစ်သည်။ မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် "On/Off" "Total" "Ballot" ခလုတ်သုံးခုမှအပ ကျန်ခလုတ်များအား အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကို အများမြင်သာသောနေရာတွင် ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသောနည်းလမ်းများလုပ်ဆောင်၍ မရနိုင်ပါ။ ထို့ပြင် နိုင်ငံရေးပါတီများမှ ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်သည်။

**မဲပေးနေစဉ်စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း**

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်းမှတ်တမ်းစာအုပ်ပါ မဲပေးပြီးအရေအတွက်နှင့် ထိန်းချုပ်စက်ရှိ "Total" ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီးအရေအတွက်တို့ ကိုက်ညီမှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးနိုင်သည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား "Total" ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီးအရေအတွက်ကို မှတ်သားစေရသည်။ ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off " ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ်မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

**မဲပေးစက်ဖြင့်မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိခလုတ်နှိပ်ဆန္ဒပြုလိုက်သော ပါတီ/ကိုယ်စားလှယ်လောင်း မှန်၊ မမှန် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကိုကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခုလုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ "On/Off " ခလုတ်ကို နှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် "Total"ခလုတ်နှိပ်၍ မဲပေးပြီးသူအရေအတွက်ကိုစစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက်ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍မရနိုင်ပါ။


2025 General Election
Union Election Commission (UEC)
Myanmar
EVM Serail Number - 000007
Date = 18.11.2024
Time = 14:20:48
VOTING RESULT

| | |
|---|---|
| 1-Rambutan Party | = 1 |
| 2-Onion Party | = 1 |
| 3-Garlic Party | = 1 |
| 4-Kiwi Party | = 1 |
| 5-Cherry Party | = 1 |



မဲရလဒ်စာရွက်ဖြတ်ပိုင်းပုံစံ

**မဲပေးစက်မှ မဲရလဒ်များထုတ်ယူခြင်း**

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ၊ မရှိ စစ်ဆေးပြသရသည်၊ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် "Print" ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်ရှိလာသောမဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်းကို ထုတ်ယူရသည်။ ၎င်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် မဲရလဒ်များကို အများပြည်သူသိရှိစေရန် ကြေညာပေးရသည့် အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ အားလုံးက လက်မှတ်ရေးထိုးမှတ်တမ်းထားရှိရမည်ဖြစ်သည်။

**မဲရလဒ်များထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်မှ မဲရလဒ်များထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာလုပ်ဆောင်ရခြင်းဖြစ်သည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မလားဟု သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများကို ရေတွက်၍မရဘူးလားဟုလည်း မေးခွန်းများရှိလာနိုင်သည်။ မဲပေးစက်ကိုတီထွင်ရခြင်း၏ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်းရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများမရှိတော့စေရန်ဆိုသည့်အချက်လည်း ပါဝင်သည်။ ယနေ့ခေတ်တွင် လူအား၊ အချိန်အားလျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံမဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿဖြစ်သွားမည်။ ဆန္ဒမဲလက်မှတ်များကိုရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာတင်သွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက်နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့်ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့်အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျစစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။

**တိကျမှန်ကန်သောမဲရလဒ်များ**

မဲပေးစက်၏လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေးရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ၅ ခုရှိသည်ဆိုပါစို့။ နံပါတ် ၁ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကိုနှိပ်ပါက နံပါတ် ၂ မီးလုံးလင်းမည်။ သူ့ခလုတ်နှင့် သူ့မီးလုံး မှန်မှန်ကန်ကန်လင်းအောင်လုပ်ထားမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှကြိမ်နှိပ်သည်ဆိုသည်ကိုမှတ်ထားသည့် Memory စနစ်လေး ထည့်ထားလိုက်သည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ်အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်သည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှကြိမ်တိုးပေးပါဟုလုပ်၍မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့်အကြိမ်အတိုင်းကိုပဲ စာရွက်တွင်ဖော်ပြပေးမည်ဖြစ်သည်၊ လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့်အကြိမ်အားလုံးပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည်ဖြစ်သည်။ မဲပေးစက်၏လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလိုအပြောင်းအလဲလုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက် သာဖြစ်မည်ဟု ယူဆမိသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများတူညီမှု ရှိ၊ မရှိကို မဲပေးစက်အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်းအစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်သည်။

**လက်တွေ့စမ်းသပ်မဲပေးခြင်း**

မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့်

**စာမျက်နှာ ၁၂ သို့ ●**













● **စာမျက်နှာ ၁၁ မှအဆက်**

လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်း မဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်းရေတွက်မှုအရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ်တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့သည်။ ထိုသို့အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏ အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသောပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျရွေးချယ်ပေးရခြင်းဖြစ်သည်။ ဤသို့ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံ မဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာ အီလက်ထရောနစ်မဲပေးစက်(MEVM)များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များတိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများသိရှိနားလည်၍ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။






# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူ ၇၂ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၀

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၆ မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့်သာသနိကအဆောက်အအုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

◆ **ကျောဖုံးမှအဆက်**

ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)







## ရေကြီးခြင်း သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ (မိုး/ဇလ)

# ရှင်သန်ဖြစ်ထွန်းမှုအားနည်းသည့် အပင်များနေရာတွင် ရတနာတန်းဝင်ကျွန်းပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၀

၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော ရှင်သန်ဖြစ်ထွန်းမှု အားနည်းသည့် အပင်များနေရာတွင် ရတနာတန်းဝင်ကျွန်းပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်းဝင်း၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော ရှင်သန်ဖြစ်ထွန်းမှုအားနည်းသည့် အပင်များနေရာတွင်ရတနာတန်းဝင်ကျွန်းပင်များကို အစားထိုးစိုက်ပျိုးပေးကြပြီး တက်ရောက်လာသူများက ရတနာတန်းဝင်ကျွန်းပင်များ အစားထိုးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပန်းအလှပင်နှင့် နှစ်ရှည်သီးပင်စားပင်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးကြီးထွားအောင် ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေဆွခြင်းနှင့် မြေတောင်မြှောက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စပါးစိုက်ခင်းများ၊ ရာသီသီးနှံများဖြစ်သည့် ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ငရုတ်၊ ဘူး၊ ဖရုံ၊ နံနံ၊ မုန်ညင်း၊ ပဲစင်းငုံနှင့် နှစ်ရှည်သီးနှံများဖြစ်သည့် ဒန့်သလွန်၊ ခွေးတောက်၊ ကင်ပွန်းချဉ်၊ ငှက်ပျော၊ သရက်၊ မာလကာ၊ နဂါးမောက်၊ နာနတ်စသည့် သီးပင်စားပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ကြီးဌာနအောက်ရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးများ၊ ဓာတ်အားပေးစက်ရုံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင်လည်း **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးခဲ့သော အပင်များအနက် ရှင်သန်ဖြစ်ထွန်းမှုအားနည်းသည့် အပင်များနေရာတွင်အစားထိုးစိုက်ပျိုးပွဲနှင့်ပေါင်းမြက်များရှင်းလင်းပွဲများကို** တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တုန်းကွမ်မြို့ ရှန်ကျန့်မြို့နှင့် ရှန်ဟိုင်းမြို့တို့၌ ကျင်းပသည့် ဒစ်ဂျစ်တယ် Banking၊ ဆိုက်ဘာလုံခြုံရေးနှင့် Cloud Service များ ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် ဒစ်ဂျစ်တယ်တရုတ်ယွမ်ငွေဆိုင်ရာ ဒစ်ဂျစ်တယ် Banking၊ ဆိုက်ဘာလုံခြုံရေးနှင့် Cloud Service များ ဆက်စပ်အစည်းအဝေးများဖြစ်သည့် ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ဟွာဝေးကွန်ရက် ၂၀၂၅ အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဗဟိုဘဏ်၏ နိုင်ငံခြားငွေစီမံခန့်ခွဲမှုနှင့်ထိန်းချုပ်မှုဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ နိုင်ငံတကာတွင် တရုတ်နိုင်ငံ၏ ငွေကြေးဖြစ်သည့် ယွမ်မင်ဘီနှင့်ပတ်သက်၍ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူအတွက် ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်ငွေကြေး လိုအပ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် တရုတ်ယွမ်မင်ဘီငွေကြေးအား ဒစ်ဂျစ်တယ်ငွေကြေးပုံစံဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ၊ Bitcoin ကဲ့သို့သော Cryptocurrencies အမျိုးမျိုး အသုံးပြုကြခြင်းကြောင့် ငွေကြေးယုံကြည်စိတ်ချရမှုအားနည်းခြင်းနှင့် ငွေလဲလှယ်နှုန်း အတက်အကျများခြင်းစသည့် အခက်အခဲများ ရင်ဆိုင်နေရသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် Bank of China (BOC)နှင့် Industrial Commercial Bank of China (ICBC) တို့သည် တရုတ်နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍတွင် Retail Banking၊ Corporate Banking Financial Market Services နှင့် International Banking Services စသည့် ငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေနှင့် တရုတ်နိုင်ငံ၏ဘဏ်အချင်းချင်းနယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ် (China's Cross-border Interbank Payment System – CIPS) များကိုဆွေးနွေးခဲ့ပြီး CIPS တွင် မြန်မာဘဏ်များပါဝင်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကြား ငွေပေးချေမှုကိစ္စရပ်များတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထို့နောက် ဆက်စပ်အစည်းအဝေးများဖြစ်သည့် တရုတ်နိုင်ငံ ရှန်ကျန့်မြို့နှင့် ရှန်ဟိုင်းမြို့တို့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းများတွင် အိုင်တီထုတ်ကုန်များ (IT Solution Product) များ၊ အိုင်တီအခြေခံအဆောက်အဦများ (IT Infrastructure) များ အဓိကဝန်ဆောင်မှုပေးနေသည့်ဟွာဝေးကုမ္ပဏီ၏ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် Artificial Intelligence (AI) နည်းပညာသည် အစိုးရကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားကဏ္ဍ၊ ကျန်းမာရေးနှင့် ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့် ကဏ္ဍများတွင် AI အသုံးပြုလျက်ရှိသည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။




ထို့ပြင် AI နည်းပညာကိုဘဏ်များတွင် Customer Service ပေးသည့် နယ်ပယ်တွင်လည်းကောင်း၊ Risk Management ဆိုင်ရာနယ်ပယ်များဖြစ်သည့် Credit Assessment ပြုလုပ်ရာတွင်လည်းကောင်း၊ ငွေကြေးမသမာမှု (Fraud Prevention) နှင့် Transaction Monitoring ဆောင်ရွက်ရာတွင် AI နည်းပညာဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် AI အသုံးပြုနိုင်ရေး လိုအပ်သည့်အခြေအနေများနှင့် Cloud Computing နည်းပညာအား မိမိတို့လုပ်ငန်းတွင် အသုံးချခြင်းအားဖြင့်ဖြစ်ပေါ်လာနိုင်သည့်ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့နည်းစေရေးဆောင်ရွက်ရမည့် ထိန်းချုပ်မှုလုပ်ငန်းစဉ်များ၊ ဟွာဝေး Global Cyber Security Transparency Center ၌ ဟွာဝေး၏ ထုတ်ကုန်များ၊ ဆော့ဝဲများနှင့် လုံခြုံရေးလုပ်ငန်းစဉ်များကို ကမ္ဘာ့အဖွဲ့အစည်းများ စစ်ဆေးနိုင်ရန်၊ ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ Third Party Testing များပြုလုပ်နိုင်မှု ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များ (Best Practices)၊ Internet of Things (IoT) ဆိုင်ရာလုံခြုံရေးစနစ်များကို ဆွေးနွေးခဲ့ကြပြီး BOC၊ ICBC ဘဏ်များနှင့် ဟွာဝေးနည်းပညာ ကုမ္ပဏီတို့ပူးပေါင်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘဏ်များတွင် ဆောင်ရွက်ခဲ့သော Smart Banking၊ Digital Banking များအား AI နည်းပညာဖြင့် အကောင်အထည်ဖော်ခဲ့မှု အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။

မြဝတီ

# မြိတ်မြို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တွေ့ဆုံ

မြိတ် စက်တင်ဘာ ၂၀

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနအောက်ရှိ ဌာန/ အဖွဲ့အစည်းများမှ ဝန်ထမ်းများကို မြိတ်လေဆိပ်ခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရာတွင် တိုင်းပြည်သာယာဝပြောရေးသည် အဓိကကျပြီး ဝန်ထမ်းများသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်တွင်ပါဝင်ကြောင်း ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွင်ပါရှိသော သစ္စာအဓိဋ္ဌာန်(၆)ချက်၊ တာဝန်(၃)ရပ်၊ ကျင့်ဝတ်(၃၀)ပါးတို့နှင့်အညီ နိုင်ငံ့ဝန်ထမ်းပီသစွာ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာနေထိုင်ရေး၊ မိမိကြောင့် နိုင်ငံပိုင်ပစ္စည်းဥစ္စာ၊ ဘဏ္ဍာငွေ ပျက်စီးဆုံးရှုံးခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့ မဖြစ်စေရန် အလေးထားဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ လျှို့ဝှက်ချက်ဥပဒေကိုလိုက်နာရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းစောင့်ရှောက်ရေးနှင့်ပေးအပ်သော တာဝန်ဝတ္တရားများကို ရိုးသားဖြောင့်မတ်စွာ ကျေပွန်စွာ ထမ်းဆောင်သွားကြရေးတို့ကို ပြောကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြိတ်လေကြောင်းထိန်းမျှော်စင်သို့ သွားရောက်၍ လေကြောင်းဆက်သွယ်ရေးစက်များ အခြေအနေ၊ ပြေးလမ်းထိပ်များသို့ မြင်ကွင်းကောင်းမွန်မှုရှိမရှိ ပြေးလမ်းမီးများ မျှော်စင်ပေါ်မှ ထိန်းချုပ်ဆောင်ရွက်မှုတို့ကို စစ်ဆေးပြီး ပြေးလမ်း ဝဲ/ယာ သတ်မှတ်ချက်နှင့်အညီ ချုံမြက်များ ရှင်းလင်းထားရေး၊ လေယာဉ်များ ဆင်း/တက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ်မှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များကို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်မှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်မှလေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုလေ့လာရေးခရီးစဉ်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ (၈)ကြိမ်မြောက် လေ့လာရေးခရီးစဉ်ဖြစ်ပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များအကြား တစ်ဦးနှင့်တစ်ဦးအတွေ့အကြုံများကို အမြင်ချင်းဖလှယ်နိုင်ပြီး ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ပေါင်းစုထားသည့် ပြည်ထောင်စုတစ်ခုဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးသည် အလွန်အင်မတန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ပါက စစ်မှန်သည့်ညီညွတ်ရေးကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရန်အတွက် အရေးကြီးဆုံးအချက်သည် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုလေ့လာရေးခရီးစဉ်တွင် ငြိမ်းချမ်းသည့်ဒေသများ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့မြင်တွေ့နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သဖြင့် နိုင်ငံတော်က ငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နည်းတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကလည်း အတူတကွစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းစေရေးအတွက်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်မှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကို ဂါရဝပြုလက်ဆောင်များပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်ကြကာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စား ပအိုဝ်း တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများသည် လေ့လာရေးလာရောက်ကြသည့်အဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ညစာသုံးဆောင်ကြကာ ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

---

# တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၆)နှစ်မြောက်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် ဂုဏ်ပြုခြင်းအနုပညာဖျော်ဖြေပွဲကျင်းပ





ရန်ကုန် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၆)နှစ်မြောက်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် ဂုဏ်ပြုခြင်းအနုပညာဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တရုတ်နိုင်ငံ ဝူအော်ပရာအဖွဲ့သားများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ရာမာယဏ” ဇာတ်တော်ထဲမှ “ရာမသမင်လိုက်ခန်း”ဖြင့်ကပြဖျော်ဖြေသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် နိုင်ငံအလိုက် အမျိုးသားရေးလက္ခဏာပုံရိပ်များကို အပြည့်အဝဖော်ထုတ်မိတ်ဆက်ပြသနိုင်ရန် “ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း”ကို နူးညံ့သောစွမ်းအား (Soft Power) အဖြစ် အသားပေးစီစဉ်ဆောင်ရွက်လာကြသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရိုးရာယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများကို ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ဖျော်ဖြေတင်ဆက်မည့် တရုတ်နိုင်ငံ အရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်၏ အဓိက ဒေသန္တရအော်ပရာဇာတ်အမျိုးအစားဖြစ်သော “ကျင်းဟွာ” အော်ပရာဟုအသိများသည့် “ ဝူအော်ပရာ” သည် နှစ်ပေါင်း ၅၀၀ ကျော် သမိုင်းကြောင်းရှိနေပြီဟုသိရကြောင်း၊ ဝူအော်ပရာဇာတ်အဖွဲ့သည် ယခုနှစ်အတွင်း ဂျာမနီ၊ စပိန်၊ အန်ဒိုရာနိုင်ငံတို့၌ ဖျော်ဖြေတင်ဆက်ခဲ့သည်ဟုသိရကြောင်း၊ ယခုလို နာမည်ကြီးသည့် ဝူအော်ပရာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို မြန်မာပရိသတ်များ ကြည့်ရှုခွင့်ရခြင်းကြောင့် များစွာဂုဏ်ယူဝမ်းမြောက်ရသည်ဟုလည်း ပြောကြားလိုကြောင်း။

အလားတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကလည်း အစဉ်အလာကြီးမားခန့်ညားသော “ ရာမာယဏ” ဇာတ်တော်ထဲမှ အဓိကဇာတ်ဝင်ခန်းများဖြစ်သည့် “ရာမသမင်လိုက်ခန်း”နှင့် “ဒသဿပန်းစိုက်ခန်း” များဖြင့် ပါဝင်ကပြဖျော်ဖြေကြမည်ဖြစ်၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ခွင့်ရရှိမည်ဖြစ်သကဲ့သို့ မြန်မာ့အနုပညာအဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ယဉ်ကျေးမှုဖလှယ်မှုများ၊ အပြန်အလှန်လေ့လာသင်ယူမှုများသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေပြီး နိုင်ငံအဆင့်တွင်လည်း ဆက်ဆံရေးခိုင်မာမှုကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံယဉ်ကျေးမှုသံယောဇဉ်ကို ကဏ္ဍစုံမှဆက်လက်ပြီး ထိန်းသိမ်းမြှင့်တင်ရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်ဝူအော်ပါရာ အနုပညာယဉ်ကျေးမှုသုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့က “ကျင်းဟွာ”အော်ပရာဟု အသိများသည့် ဝူအော်ပရာဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပြဖျော်ဖြေသည့် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူအော်ပါရာ အနုပညာယဉ်ကျေးမှု သုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့အား အမှတ်တရပန်းခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များအား အမှတ်တရပန်းခြင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်သံအမတ်ကြီးတို့သည်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူအော်ပါရာ အနုပညာယဉ်ကျေးမှုသုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စက်တင်ဘာလ ၂၁ ရက်တွင် ကျဲကျန်းပြည်နယ် ဝူအော်ပရာသုတေသနဌာန၊ ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့သည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညနေ ၃ နာရီတွင် ပရိသတ်များအား ဆက်လက်ကပြဖျော်ဖြေသွားမည်ဖြစ်သည်၊ အဆိုပါအော်ပရာအဖွဲ့က နိုင်ငံပေါင်း ၂၆ နိုင်ငံတွင် အကြိမ်ပေါင်း ၂၀၀ ကျော် ဖျော်ဖြေတင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင်ယခုပထမဆုံးအကြိမ်အဖြစ်လာရောက်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# အစီအစဉ်များထုတ်လွှင့်ရာတွင်လည်း ပြည်သူများကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြုအစီအစဉ်ကောင်းများဖြစ်ရန်လို





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ) ဝန်ထမ်းစားရိပ်သာအဆောက်အဦသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ) တပ်မှူးတို့က တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် အထွေထွေလိုအပ်ချက်

# ရှမ်းပြည်နယ်အတွင်း နေကြာစိုက်သမဝါယမအသင်းသားတောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့်သွင်းအားစုများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်တို့အတွင်းရှိ ဆီထွက်သီးနှံနေကြာစိုက် သမဝါယမအသင်းသားတောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့်သွင်းအားစုပေးအပ်ပွဲကို ယနေ့တွင် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့် အသင်းသားတောင်သူများ တက်ရောက်ကြသည်။



ဦးစွာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်အတွင်း ဆီထွက်သီးနှံနေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများသို့ မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှတင်သွင်းမှုလျှော့ချရန်အတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနရှိ သမဝါယမဦးစီးဌာနက သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့်သွင်းအားစုများပံ့ပိုးလျက်ရှိပြီး ယခုအခမ်းအနားတွင် တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်တို့မှ နေကြာစိုက်သမဝါယမအသင်း ၂၅ သင်း၏ စိုက်ဧက ၅၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိသောသီးနှံများ ဈေးကွက်ရရှိရေးနှင့် သမဝါယမဈေးငွေများ၊ မြစိမ်းရောင်(ဆီထွက်သီးနှံနေကြာ) စီမံကိန်းဈေးငွေ၊ သက်တံ့ရောင်စီမံကိန်းဈေးငွေများကိုသက်သာသောအတိုးနှုန်းဖြင့် မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသားတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်တို့အတွင်းရှိ နေကြာစိုက်သမဝါယမအသင်း ၂၅ သင်း၏ စိုက်ဧက ၅၀၀၀ အတွက် ငွေကျပ်သန်းပေါင်း ၁၅၀၀ တန်ဖိုးရှိ အထွက်တိုးမျိုးနှင့် သွင်းအားစုများကို ပေးအပ်သည်။

ဆက်လက်၍ အင်းပေါခုံခေတ်မီစံပြကျေးရွာ(Smart Village)၌ မြစကြာရက်ကန်းလုပ်ငန်းတွင် ကြာချည်မျှင်ထုတ်ပုံ၊ ကြာချည်ဖြင့်ရက်လုပ်သော လက်ရက်ကန်းထည်များ၊ ပိုးချည်ဖြင့်ရက်လုပ်သော လက်ရက်ကန်းထည်များနှင့် ရက်ကန်းထည်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးလျှင်ဘေးဒဏ်သင့် ညောင်ရွှေမြို့နယ်မှကျေးရွာ ၂၉ ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၃၅၀၊ ကျေးရွာ ရှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀၀၊ ကျေးရွာ ၁၁ ရွာအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၉၀၀ စုစုပေါင်းကျေးရွာ ၄၈ ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၈၂၅၀ ကို ကျေးရွာအလိုက် ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသဘာဝဆိုးဆေးနည်းပညာသင်တန်းတက်ရောက်အောင်မြင်ခဲ့သော သင်တန်းသူများအားတွေ့ဆုံအားပေးစကား ပြောကြားပြီး သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကာ မန္တလေးလျှင်ကြီးကြောင့် စေတီတော်မြတ်ကြီးထိခိုက်မှုများ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တောင်ကြီးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လျှင်ဒဏ်သင့်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လို**ကြောင်း၊ ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့်အရုပ်နှစ်ခုလုံးပါဝင်သည်ဖြစ်သဖြင့် အသံကောင်းမွန်ရုံသာမက တင်ဆက်သည့်အစီအစဉ်နှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေးတည်းဖြတ်ခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ **အစီအစဉ်များထုတ်လွှင့်ရာတွင်လည်း ပြည်သူများကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြုအစီအစဉ်ကောင်းများဖြစ်ရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မှော်ဘီ)မှ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ) ဝန်ထမ်းစားရိပ်သာအဆောက်အဦသစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)မှ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးကလက်ခံရယူသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် တွေ့ဆုံ

ပူတာအို စက်တင်ဘာ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်ဇော်သည်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်း သင်တန်းသား၊ သင်တန်းသူများ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်း သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံကာ လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး သင်တန်းသား၊ သင်တန်းသူများ အဖွဲ့လိုက် မဲပေးသရုပ်ပြနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပူတာအိုခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မဲစာရင်းမှန်ကန်ရေး၊ ရွေးကောက်ပွဲအကြိုကာလတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ကွင်းဆင်း၍ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ မဲပေးစက်များ မြို့နယ်မဲရုံများသို့ရောက်ရှိရေးအတွက် ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ပေါင်းစပ်ဆောင်ရွက်ရေးဆွေးနွေးမှာကြားပြီး တင်ပြမှုအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကာ ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် ဆက်လက်တွေ့ဆုံပြီး လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP) Mixed Member Proportional System ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော် တွေ့ဆုံ




နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မန္တလေးခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပထမအကြိမ် မဲစာရင်းကပ်ထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် MEVM စက်များ မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးခရိုင် MEVM ဆိုင်ရာနည်းပညာအထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင်က ခရိုင်အတွင်း MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ သင်တန်းပေးရန်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ခရိုင်နှင့်မြို့နယ် MEVM ကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာစီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ နိုင်ငံရေးပါတီများက ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းနေမှုကိုကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects Tatmadaw TV Broadcasting Unit (Hmawbi)





Senior General Min Aung Hlaing inspects the TV station of Tatmadaw TV Broadcasting Unit (Hmawbi).

NAY PYI TAW September 20

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by the members of the entourage and officials, inspected Tatmadaw TV Broadcasting Unit in Hmawbi Station this afternoon.

First, the Senior General and party were warmly welcomed by officials and staff of the Tatmadaw TV Broadcasting Unit (Hmawbi).

At the meeting hall, Director of the Directorate of Public Relations and Psychological Warfare Maj-Gen Zaw Min Tun and the commandant of the unit reported on the brief history of the unit, progress in implementing the guidance given by the Senior General during his inspection of the union, and general requirements.

In response, the Senior General stressed the continuous airing of news, breaking news, and local and foreign news, the public need to know, correctly and in time. He said as the entertainment programs include both the images and sound, the sound system must be good, apart from the costumes that must be in conformity with the program. Systematic editing is required for the news and other programs to be lively and interesting. Broadcasting work calls for the appropriate actions of the editors and supervisors. The TV programs must have the beneficial effect on public interest, and provide the people with intellectual and general knowledge. He then gave directives on general issues.

The Senior General then looked around the TV station of the unit, and attended to the needs.

Afterwards, Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing signed the visitor's book of the unit.

The Senior General and party inspected progress in building a new staff dining hall of the unit, and gave necessary guidance.

The Senior General then presented cash awards for officers, other ranks and employees through the commandant.

The Senior General and party inspected the Tatmadaw TV Broadcasting Unit (Hmawbi) in a motorcade.

100



Senior General Min Aung Hlaing signs the visitor's book of Tatmadaw TV Broadcasting Unit (Hmawbi).

## Zalun Township supplies 65,000 baskets of 90-day paddy variety to Yangon

ZALUN September 20

"Local businesspersons from Zalun Township of Ayeyawady Region sent 65,000 baskets of 90-day paddy variety to Yangon market," said Daw Win Win Shwe, the owner of rice and paddy trading depot in Zalun Township.

It is reported that during this month, up to 65,000 baskets of the 90-day paddy variety were exported and sold from Zalun Township to the Yangon market. This particular variety of paddy is classified under the non-premium rice category.

"In the past month, a large volume of 90-day paddy was shipped and sold to the Yangon market. Most of the agricultural products from Zalun Township are exported to Yangon. This 90-day variety belongs to the rough rice category. Because of the strong demand from Yangon buyers, the volume of exports has increased. Paddy prices are currently still high. Yangon traders are also making active connections to buy large quantities of this variety in the current month. Compared to other varieties, this 90-day paddy has been traded more, both in the past month and in the current market. It is being transported and sold via both land and water routes without any issues," said Daw Win Win Shwe.

It is also reported that in the past month, the market price for 100 baskets of 90-day paddy reached up to Ks-1.515 million. As a result of the improved trade in this paddy variety, farmers, merchants, transporters, and truck rental service providers have been able to gain employment and business opportunities.

SMK

# More than 120,000 acres of various crops planted in Pwintbyu Township

PWINTBYU September 20

The Township Agriculture Department stated that local farmers planted various crops on 124,854 acres of lands in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 140,345 acres of monsoon crops were planned for cultivation this year. Planting began in May, and as of today, 124,854 acres have already been cultivated, including 61,204 acres of paddy, 2,296 acres of sweet corn, 291 acres of millet, 6,409 acres of green gram, 6,611 acres of pigeon pea, 1,143 acres of lablab bean, 112 acres of other beans, 30,452 acres of oil crops, 4,565 acres of long-staple cotton, 8 acres of sugarcane, 222 acres of toddy palms, 52 acres of areca, 552 acres of chilli, 4,395 acres of other vegetables, 257 acres of wild almond, 5,444 acres of cattle feed crops, 147 acres of general crops, 636 acres of non-consumable crops, and 58 acres of Jatropha curcas.

"Out of the 140,345 acres planned for this year's monsoon cultivation in Pwintbyu Township, 124,854 acres have already been planted. To meet the target crop acreage, achieve good yields, and encourage farmers to grow quality varieties, the Department of Agriculture is working together with local farmers. Relevant departments are also providing necessary support to ensure smooth farming operations," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In order to carry out monsoon crop cultivation without difficulties, the Township Agriculture Department has been providing technical assistance to local farmers on soil improvement, proper seed selection, cultivation using GAP methods, pest and disease prevention, and systematic use of fertilizers and irrigation.

"If farmers can grow seasonal crops with good yields and quality, it will ensure food security for the township and allow surplus produce to be sold, generating additional income and improving socio-economic development. Therefore, efforts should be made to expand crop cultivation," Daw Moe Moe Wai added.

**SK**

# Kangyidaunt Township ships many bags of Aungnaingtoe paddy to Yangon market



KANGYIDAUNT September 20

"Local businesspersons from Kangyidaunt Township of Ayeyawady Region sold a large number of bags of Aungnaingtoe paddy to Yangon market,"said Daw Thiri, the owner of rice and paddy trading depot in Kangyidaunt Township.

Kangyidaunt Township ships around 75,000 baskets of Aungnaingtoe variety paddy to the Yangon market. It is reported that this variety of paddy is currently fetching up to Ks-1.55 million per 100 baskets.

"In the past month, a large quantity of Aungnaingtoe paddy variety was exported and sold. Most of the farm produce from this side is mainly supplied to the Yangon market. Although Aungnaingtoe is classified under the coarse rice group, it is a type that many people like because it tastes good. There is also high demand from buyers in the Yangon market this month," said Daw Thiri.

With 75,000 baskets of Aungnaingtoe paddy strain being sent to the Yangon market last month from Kangyidaunt Township, it is learned that farmers, traders, cargo workers, and vehicle rental operators are all gaining employment opportunities.

**SMK**

# ChaungU Township grows more than 1,000 acres of rainfed paddy

CHAUNGU September 20

Statistics of ChaungU Township Agriculture Department mentioned that more than 1,000 acres of rainfed paddy was planted as monsoon crops in ChaungU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 15,000 acres of rainfed paddy in ChaungU Township. Planting began in July this year, and as of now, 1,425 acres have already been cultivated.

The Head of the ChaungU Township Department of Agriculture, U Tint Swe, said: "This monsoon season, the target for ChaungU Township is 15,000 acres of rainfed paddy. So far, more than 1,000 acres have been planted. Efforts are being made to ensure the full target is met. The necessary techniques and quality seeds will be provided to farmers so that they can cultivate in time. Field supervision is being carried out to help farmers plant rainfed paddy on schedule."

It is reported that, during this monsoon crop season, the township's Department of Agriculture is working together with local farmers to ensure cultivation goes smoothly and systematically without difficulties.

Farmers in ChaungU Township are also being given technical guidance on cultivation methods, pest prevention, crop protection measures to avoid losses, and advice to ensure harvested paddy is stored under shelter in a timely manner.



In order for this year's rainfed paddy fields in ChaungU Township to thrive and achieve good yields, township agriculture staff are providing field-level assistance such as selecting quality and pure seeds, preventing pest infestations, removing weeds, thinning mixed varieties, and applying fertilizers systematically.

**SK**

# Indaw Township exceeds target cultivation of vegetables this year

INDAW September 20

Local farmers planted more sown acreage of vegetables than the target cultivation in Indaw Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, a plan was made to cultivate 4,025 acres of vegetables in Indaw Township. Planting began in May this year, and as of now, a total of 4,165 acres have already been cultivated, exceeding the initial target.

U Thein Khaing, Head of the Indaw Township Department of Agriculture, said: "This year, more than 4,000 acres of vegetables are planned for cultivation in Indaw Township. So far, over 4,100 acres have been planted, surpassing the target. The crops include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to cultivate all vegetables under the GAP system. They are also being taught to minimize the use of chemical residues and to grow crops in a way that is safe for health."

It is reported that this year, the Indaw Township Department of Agriculture is conducting training courses for vegetable farmers on GAP cultivation methods, providing technical support to ensure harvested crops are safe and healthy, and encouraging farmers to expand their vegetable cultivation.

In Indaw Township, vegetables are cultivated seasonally every year. These crops are thriving successfully, generating household income for farmers. The Department of Agriculture is providing farmers with awareness on correct cultivation methods, pest prevention, and the use of natural fertilizers, natural pesticides, and bio-pesticides.

**SMK**

# Cyberattack disrupts major European airports, causing delays, cancellations

LONDON September 20

A cyberattack targeting the service provider for the check-in and boarding systems has disrupted operations at several major European airports, causing flight delays and cancellations.

Heathrow Airport, the primary and largest international airport serving London, said on Saturday morning that "a technical issue" affected a service provider for check-in and boarding systems.

"A third-party supplier providing check-in and boarding systems for several airlines across multiple airports is experiencing a technical issue, which may cause delays for departing passengers," a Heathrow Airport spokesperson was quoted as saying by local media.

Airports in Brussels and Berlin were also affected by the attack.

Brussels Airport said in a statement that the attack on Friday night has forced the airport to only use manual check-in and boarding as the service provider is working on solutions to the problem.

The problem caused major delays and cancellations of flights on Saturday. According to the flight traffic information provider Flightradar24, as of Saturday morning, approximately 91 percent of the flights at Brussels Airport are delayed, with an average delay time of 51 minutes.

Germany's Berlin Brandenburg Airport said it was also affected, warning passengers to expect longer waiting time for check-in and boarding.

**Xinhua**

# Russia, China support extending nuclear sanctions relief for Iran

MOSCOW September 20

Russia, China, Pakistan, and Algeria voiced support for maintaining the suspension of previous sanctions resolutions against Iran during a UN Security Council meeting on the issue of reinstating sanctions on Tehran, the Russian Foreign Ministry reported.

"At the UN Security Council meeting on September 19, Russia, together with China, Algeria and Pakistan, strongly advocated for keeping the previous sanctions resolutions against the Islamic Republic of Iran suspended. This was predictably opposed by the Europeans, who escalated the Iranian nuclear crisis, as well as the US, which jointly exerted unprecedented pressure on non-permanent members of the Security Council, forcing them to show solidarity with their untenable position," the ministry said.

Moscow has many times criticized the illegal nature of the actions of European signatories to the Joint Comprehensive Plan of Action (JCPOA), the ministry added.

"Russia has repeatedly pointed out the provocative and illegal nature of the actions taken by the European countries that are member states to the JCPOA and the South Korean presidency of the UN Security Council, which is under their influence. These actions have nothing to do with diplomacy and only lead to further escalation of tensions around Iran's nuclear program," the ministry said.

**Sputnik**

# Seven killed in roof collapse in Pakistan's Punjab

ISLAMABAD September 20

At least seven people, including five children, were killed and several others injured when the roof of a private academy collapsed in Pakistan's eastern Punjab Province on Saturday, police said.

The incident happened in Hafizabad District of the province, the district's police chief Atif Nazir Kadhar told the media, adding that the woman who ran the academy and her son were also among the deceased.

Rescue teams rushed to the site immediately and launched a search operation, recovering seven bodies from the debris while several injured were shifted to a nearby hospital, reports said.

An investigation has been launched to determine the cause of the collapse, he said, adding that according to the initial probe, the recent spell of rains weakened the structure of the building, causing it to collapse.

Over 1,000 people were killed as heavy monsoon rains triggered floods in several parts of Pakistan, inundating low-lying areas, damaging infrastructure, and displacing thousands of people, according to the country's National Disaster Management Authority.



**Xinhua**

# The Hague anti-immigration protest turns violent: stones thrown, police vehicle set on fire



THE HAGUE September 20

The Hague police deployed additional units near the central railway station following a demonstration that escalated into riots and clashes.

As previously reported by broadcaster NOS, on Saturday a protest was held at the Malieveld in The Hague against the Dutch government's migration policy. The rally turned violent after demonstrators moved from the field onto the nearby A12 highway. Protesters began throwing stones at police officers, and a police vehicle was set on fire during the unrest. In response, police used water cannons.

At present, police continue to suppress disturbances near the Malieveld. The mass demonstration has been dispersed, but small groups of protesters remain in the vicinity of the protest site. Law enforcement has deployed additional forces around The Hague Central Station, located near the Malieveld, to ensure security. Special forces and mounted police are also present at the scene. **Sputnik**

# Venezuela calls on UN to stop U.S. military moves in Caribbean

CARACAS September 20

Venezuela on Friday called on the United Nations Security Council to demand an immediate halt to U.S. military operations in the Caribbean.

In a post on the social platform Telegram, Foreign Minister Yvan Gil shared a video of a related speech at the UN by Venezuela's permanent representative Alexander Yanez, saying the appeal was made on behalf of President Nicolas Maduro.

In the video, Yanez told the Security Council that his country has been the target of "systemic harassment" by Washington, including smear campaigns, unilateral sanctions and a rejection of Venezuelan institutions.

He warned that the situation has escalated into a "more dangerous" phase with U.S. naval, air and ground deployments in the Caribbean, including sending a nuclear submarine, which he said violates the UN Charter.

Yanez also pointed to U.S. reports of "extrajudicial executions in the Caribbean."

Venezuela urged the UN system to condemn the U.S. moves, which it said threaten stability in both the South American country and the wider region.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 33 should 1

## Exercises

**33.1 For each situation, write a sentence with should or shouldn't + one of the following:**

| | | |
|---|---|---|
| **go away for a few days** | **stay up so late** | **look for another job** |
| **put some pictures on the walls** | **take a picture** | **worry so much** |

1 Anna needs a change. She should go away for a few days.
2 Your salary is very low. You.................................
3 Jack always finds it hard to get up. He.................................
4 What a beautiful view! You.................................
5 Laura is always anxious. She.................................
6 Dan's room isn't very nice. .................................

**33.2 Complete the sentences. Choose from:**

| | | | |
|---|---|---|---|
| **should solve** | **should be working OK** | **shouldn't cost more** | **shouldn't take long** |
| **should receive** | **should pass the exam** | **should be much warmer** | **should be here soon** |

1 Helen has been studying hard, so she should pass the exam.
2 Joe hasn't arrived yet, but he.................................
3 The TV has been repaired. It .................................now.
4 It .................................to get to the hotel. About 20 minutes.
5 I sent the documents to you today, so you .................................them tomorrow.
6 The weather is unusually cold. It .................................at this time of year.
7 The best way to get to the airport is by taxi. It.................................than ten pounds.
8 If you have a problem with the computer, try restarting it. That .................................the problem.

**33.3 Complete the sentences. Use should ... or should have ... + the verb in brackets.**

1 You look tired. You should go to bed. (go)
2 You missed a great party last night. You should have come. (come)
3 I'm in a difficult position. What do you think I .................................now? (do)
4 I'm sorry that I didn't take your advice. I.................................what you said. (do)
5 We lost the game, but we were the better team. We.................................(win)
6 We don't see you enough. You.................................and see us more often. (come)
7 We went the wrong way and got lost. We.................................right, not left. (turn)
8 My exam results weren't good. I.................................better. (do)

**33.4 Read the situations and write sentences with should / should have / shouldn't / shouldn't have.**

1 I'm feeling sick. I ate too much.
I shouldn't have eaten so much.
2 When we got to the restaurant, there were no free tables. We hadn't reserved one.
We.................................
3 Laura told me her address, but I didn't write it down. Now I can't remember the house number.
I.................................
4 The shop is open every day from 8.30. It is 9 o'clock now, but the shop isn't open yet.
.................................
5 I was looking at my phone. I wasn't looking where I was going. I walked into a wall.
.................................
6 Kate is driving. The speed limit is 30 miles an hour, but Kate is doing 50.
She.................................
7 I wasn't feeling well yesterday, but I went to work. That was a mistake. Now I feel worse.
.................................
8 Tomorrow there is a football match between Team A and Team B. Team A are much better.
.................................
9 I was driving. The car in front stopped suddenly and I drove into it. It wasn't my fault.
The driver in front.................................

→ **Additional exercises 16–18** (pages 311–13)

**Raymond Murphy**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် မဟာဗျူဟာမြောက် နျူကလီးယားဒုံးကျည်များ




စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် DF-61 ဒုံးကျည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျင်းပခဲ့သော တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် တရုတ်နိုင်ငံအနေဖြင့် ထုတ်ဖော်ပြသခဲ့သည့် စစ်လက်နက်ပစ္စည်းများအနက် မဟာဗျူဟာမြောက်နျူကလီးယားဒုံးကျည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) DF-61 ယာဉ်တင်တိုက်ချင်းပစ်ဒုံးကျည်။

(ခ) DF-5C မြေအောက်ပစ်စင်သုံး အကြီးစားတိုက်ချင်းပစ်ဒုံးကျည်။

(ဂ) DF-31BJ ပစ်စင်နှစ်မျိုးသုံး တိုက်ချင်းပစ်ဒုံးကျည်။

(ဃ) JL-3 ရေငုပ်သင်္ဘောမှပစ်လွှတ်သော အမြင့်ပျံဒုံးကျည်။

(င) JL-1 ဝေဟင်မှပစ်လွှတ်သော မဟာဗျူဟာမြောက်ဒုံးကျည်။

## DF-61 ယာဉ်တင် တိုက်ချင်းပစ်ဒုံးကျည်

စစ်ရေးပြအခမ်းအနားတွင် DF-61 ဒုံးကျည်ကို အကြီးစား ဘီးတပ်ယာဉ်တင် ဒေါင်လိုက်ပစ်ဒုံးပစ်စင် (Transporter-Erector-Launcher – TEL) ပေါ်တွင် တင်ဆောင်၍ ချီတက်ပြသခဲ့ပါသည်။ ၎င်းသည် တရုတ်နိုင်ငံက ရွေ့လျားမှုစွမ်းရည်မြင့်မားပြီး ရှင်သန်ရပ်တည်ကျန်ရစ်နိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက် တပ်ဖွဲ့များအဖြစ် ဆက်လက်ပြောင်းလဲနေကြောင်း အချက်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

ယင်းဒုံးကျည်သည် DF-41 စနစ်၏ သင်ခန်းစာများကို ရယူတည်ဆောက်ထားခြင်းဖြစ်ပြီး မျိုးဆက်သစ် လောင်စာအခဲသုံး တိုက်ချင်းပစ်ဒုံးကျည် (Inter-continental Ballistic Missile – ICBM) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ညွှန်းဆိုထားကြပါသည်။ ထို့ပြင် ရွေ့လျားနိုင်စွမ်း ပိုမိုမြင့်မားခြင်း၊ ပစ်လွှတ်ချိန် ပိုမိုမြန်ဆန်ခြင်းနှင့် ခွဲဖြန့်ချထား၍ ရှင်သန်ရပ်တည်ကျန်ရစ်နိုင်စွမ်းရှိစေခြင်း စသည့်အချက်များကို အလေးပေးဖော်ပြထားပါသည်။ DF-61 ကို လူသိရှင်ကြား ပွဲထုတ်ပြသခြင်းသည် စစ်ဆင်ရေးဆိုင်ရာ ရွေ့လျားနိုင်စွမ်းနှင့် ဖုံးကွယ်နိုင်စွမ်းကိုပြသရန် ရည်ရွယ်သည့် နိုင်ငံရေးရည်ရွယ်ချက်တစ်ခုလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် ပိုမိုကြီးမားသော ဒုံးကျည်ထိပ်ဖူး (Warhead) ကိုသယ်ဆောင်ထားသည့် ပစ်မှတ်များစွာကို သီးခြားစီပစ်မှတ်ထားတိုက်ခိုက်နိုင်သော ဂြိုဟ်ဆင်းယာဉ် (Multiple Independently target-able Reentry Vehicle – MIRV) စွမ်းဆောင်ရည်ကိုလည်း သရုပ်ဖော်ပြသလိုက်ခြင်းဖြစ်ပါသည်။

နည်းပညာဆိုင်ရာ အချက်အလက်များအနေဖြင့် ဒုံးကျည်၏ ပလက်ဖောင်းမှာ ဘီး ၁၂ လုံးမှ ၁၆ လုံးပါသော အကြီးစား TEL ဒုံးယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ယာဉ်တင်စနစ်ဖြစ်ပါသည်။ အရည်လောင်စာသုံးစနစ်များနှင့် နှိုင်းယှဉ်ပါက လျင်မြန်စွာပစ်လွှတ်နိုင်ရန် လောင်စာအခဲများကို အဆင့်ဆင့် အသုံးပြုထားသည့်အတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကုန်ကျစရိတ်ကိုလည်း လျှော့ချပေးနိုင်ပါသည်။ ပစ်ခတ်နိုင်သည့်အကွာအဝေးမှာ ခန့်မှန်းခြေ ကီလိုမီတာ ၁၂၀၀၀ မှ ၁၅၀၀၀ အထိရှိပြီး ဒုံးပစ်စင်၏ တည်နေရာနှင့် ပျံသန်းမှုပုံစံအပေါ်မူတည်၍ ကမ္ဘာ့နေရာအများစု (အမေရိကန်ပြည်ထောင်စု၏ အစိတ်အပိုင်းအများအပြားအပါအဝင်) ကို ပစ်မှတ်ထားနိုင်ပါသည်။

အရည်လောင်စာများနှင့် နှိုင်းယှဉ်ပါက တုံ့ပြန်မှုစွမ်းရည်ကို ပိုမိုကောင်းမွန်စေပြီး လောင်စာဖြည့်သွင်းချိန်တွင် ထိခိုက်လွယ်မှုကို လျှော့ချပေးသည့် လောင်စာအခဲများကို အသုံးပြုထားပါသည်။ သတင်းဌာနများ၏ သုံးသပ်ချက်အရ MIRV စွမ်းရည်ရှိကြောင်း ဖော်ပြထားသော်လည်း ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည့် ယာဉ်အရေအတွက် သို့မဟုတ် ထိခိုက်မှုပမာဏကို တိကျစွာအတည်ပြု၍ မရပေ။ MIRV တပ်ဆင်ထားသော ICBM များသည် ဒုံးကျည်တစ်စင်းဖြင့် ပစ်မှတ်များစွာကို ခြိမ်းခြောက်နိုင်ပြီး ဒုံးကျည်ကာကွယ်ရေးစနစ်များကိုလည်း ရှုပ်ထွေးစေပါသည်။ ရွေ့လျားနိုင်မှုအပြင် ဖြန့်ကြဲချထားနိုင်သည့် အခြေစိုက်စခန်းများသည် ရန်သူ၏ ကြိုတင်တိုက်ခိုက်မှုများကို ပိုမိုခက်ခဲစေပါသည်။ ထို့ပြင် ရွေ့လျားနိုင်မှုက ယာဉ်များကို အရပ်ဘက်ယာဉ်များကြားနှင့် ကြမ်းတမ်းသည့် မြေပြင်အနေအထားများတွင်ပါ ဖုံးကွယ်ထားနိုင်စေပါသည်။

## DF-5C မြေအောက်ဒုံးပစ်စင်သုံး အကြီးစားတိုက်ချင်းပစ်ဒုံးကျည်

DF-5 မိသားစုသည် တရုတ်နိုင်ငံ၏ အခြေချဒုံးစခန်းများမှပစ်ခတ်သည့် အကြီးစား မဟာဗျူဟာမြောက် တိုက်ခိုက်နိုင်စွမ်းကို ရေရှည်ကိုယ်စားပြုနေခဲ့ပါသည်။ တရားဝင်ထုတ်ဖော်ထားသည့် သတင်းအရင်းအမြစ်များအရ DF-5C သည် MIRV စွမ်းရည်ရှိပြီး ပစ်ခတ်နိုင်သောအကွာအဝေးကိုတိုးချဲ့ထားသည့် အဆင့်မြှင့်တင်ထားသော အရည်လောင်စာအသုံးပြုသည့်စနစ်တစ်ခုဖြစ်ပါသည်။ လောင်စာအခဲသုံးသည့် ရွေ့လျားနိုင်သော ICBM များနှင့် ခြားနားသည်မှာ DF-5C သည် ကာကွယ်မှုအတွက် ခိုင်မာသော မြေအောက်ဒုံးပစ်စင်များကို အားထားကာ အလေးချိန်အများအပြား သယ်ဆောင်နိုင်မှုနှင့် ပစ်ခတ်နိုင်သည့် အကွာအဝေးများပြားခြင်းကို အလေးပေးထားပါသည်။ စစ်ရေးပြအခမ်းအနားတွင် ၎င်း၏ပါဝင်မှုကို ကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ရွေ့လျားနိုင်သော တပ်ဖွဲ့များကို ချဲ့ထွင်နေစဉ်မှာပင် တည်နေရာသတ်မှတ်ထားသည့် မဟာဗျူဟာမြောက်လက်နက်များကိုလည်း ပစ်ပယ်ထားခြင်းမရှိကြောင်း သတိပေးနေခြင်းဖြစ်ပါသည်။

DF-5C ဒုံးကျည်သည် မြေအောက်ဒုံးပစ်စင်ကိုအခြေပြုသည့် အရည်လောင်စာသုံး ICBM များဖြစ်ပြီး ပစ်လွှတ်မှုစနစ်နှင့် ပဲ့ထိန်းလမ်းညွှန်မှုဆိုင်ရာ စနစ်များကို ခေတ်မီအောင် ပြုပြင်ထားကြောင်း သိရှိရပါသည်။ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ကီလိုမီတာ ၁၈၀၀၀ မှ ၂၀၀၀၀ အထိဖြစ်ပြီး တရုတ်နိုင်ငံအတွင်းမှနေ၍ ကမ္ဘာတစ်ဝန်းလုံးနီးပါးကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ပါသည်။ MIRV စွမ်းရည်ရှိကြောင်း ဖော်ပြထားကြသော်လည်း တိကျသည့် အရေအတွက်နှင့် ထိခိုက်မှုပမာဏတို့ကို လျှို့ဝှက်ထားဆဲဖြစ်ပါသည်။ အကြီးစား ICBM များပေါ်ရှိ MIRV များသည် ခိုင်မာသော၊ မြေအောက်၌နက်ရှိုင်းစွာ တည်ရှိနေသော သို့မဟုတ် ကျယ်ပြန့်စွာ ဖြန့်ကြဲထားရှိသော မဟာဗျူဟာမြောက် ပစ်မှတ်များကို ခြိမ်းခြောက်ရန် အထူးသင့်လျော်ပါသည်။ တွန်းကန်မှုစနစ်အတွက် အရည်လောင်စာကို အသုံးပြုထားပါသည်။ ယင်းသည် ပစ်လွှတ်မှုအတွက် ရှုပ်ထွေးသော ပြင်ဆင်မှုအဆင့်များပိုမိုလိုအပ်ပြီး ပစ်လွှတ်ခြင်းမပြုမီ အဆင့်များတွင် ပိုမိုထိခိုက်လွယ်သော်လည်း ပစ်လွှတ်သည့်အခါ၌ အလေးချိန်အများအပြားကို သယ်ဆောင်နိုင်ပါသည်။ မြေအောက်တွင်းများမှ ဒုံးပစ်စင်များသည် ခိုင်မာမှုရှိပြီး တိုက်ခိုက်မှုအချို့ကို ကာကွယ်နိုင်ပါသည်၊ သို့ရာတွင်၎င်းတို့သည် တည်နေရာသတ်မှတ်ထားသည့်အတွက် ရန်သူ၏ ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ခံရနိုင်ပါသည်။ ထို့ကြောင့်ပင် ရွေ့လျားနိုင်သော ICBM များနှင့် ပင်လယ်အခြေပြုစနစ်များကိုဖြည့်စွက်ထားရှိရခြင်းဖြစ်ပါသည်။

## DF-31BJ ပစ်စင်နှစ်မျိုးသုံး တိုက်ချင်းပစ်ဒုံးကျည်

DF-31 မိသားစုဝင်တစ်ခုဖြစ်သော DF-31BJ သည် လောင်စာအခဲသုံး ဒီဇိုင်းဖြစ်ပြီး ယာဉ်တင် TEL ပုံစံနှင့် မြေအောက်ဒုံးပစ်စင်ပုံစံနှစ်မျိုးစလုံးကို အသုံးပြုထားပါသည်။ DF-31 မျိုးဆက်များသည် အလတ်စားပစ်ခတ်နိုင်သည့် ဒုံးကျည်များနှင့် DF-5 ကဲ့သို့သော အကြီးစားဒုံးကျည်များအကြားမှ ကွာဟချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် တရုတ်နိုင်ငံအတွက် အရေအတွက်ပိုများပြီး ပစ်ခတ်မှုပိုမြန်သော တိုက်ချင်းပစ်ဒုံးကျည်တပ်ဖွဲ့ကို ပိုင်ဆိုင်စေပါသည်။ DF-31BJ ဒုံးကျည်များကို ကျယ်ပြန့်စွာ တပ်ဖြန့်ထားမည်ဆိုပါက ရှေ့ပြေးတိုက်ခိုက်မှုများကို ပိုမိုခံနိုင်ရည်ရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများအတွက် ပိုမိုသင့်လျော်သော ICBM တပ်ဖွဲ့များဖြန့်ကြက်ချထားမှု၏ ကျောရိုးသဖွယ်ဖြစ်လာနိုင်ပါသည်။

DF-31BJ ဒုံးကျည်များသည် လောင်စာအခဲသုံးစနစ်ဖြစ်သည့်အတွက် တုံ့ပြန်မှုအချိန် ပိုမြန်ဆန်ပါသည်။ ယာဉ်တင်ရွေ့လျားစနစ်နှင့် မြေအောက်ဒုံးပစ်စင်များတွင် တပ်ဆင်ထားသည့်စနစ်နှစ်မျိုးစလုံးကို အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ကီလိုမီတာ ၉၀၀၀ မှ ၁၁၀၀၀ ကျော်အထိရှိသည့်အတွက် မဟာဗျူဟာမြောက် ရောက်ရှိနိုင်သော တိုက်ချင်းပစ်အကွာအဝေးဖြစ်ပါသည်။ DF-31 မျိုးဆက်များတွင် ဒုံးကျည်တစ်စင်း၌ ထိပ်ဖူးတစ်ခုတည်းသယ်ဆောင်နိုင်သကဲ့သို့ ပိုမိုအဆင့်မြင့်သည့်အမျိုးအစားသစ်များ၌မူ MIRV များကို အကန့်အသတ်ဖြင့် သယ်ဆောင်နိုင်ဖွယ်ရှိနေပါသည်။ လောင်စာအခဲ အသုံးပြုထားခြင်းကြောင့် လောင်စာဖြည့်တင်းချိန်ကို လျှော့ချပေးပြီး အသင့်အနေအထားရှိမှုကို တိုးမြှင့်ပေးနိုင်ပါသည်။ TEL ယာဉ်တင်စနစ်သည် တည်နေရာပုံသေသတ်မှတ်ထားသည့် မြေအောက်ဒုံးပစ်စင်များထက် ရှင်သန်ရပ်တည်ကျန်ရစ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ပါသည်။

## JL-3 ရေငုပ်သင်္ဘောမှပစ်လွှတ်သော အမြင့်ပျံဒုံးကျည်

JL-3 (Julang-3) သည် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော မဟာဗျူဟာမြောက် နျူကလီးယားလက်နက်နယ်ပယ်သုံးခုအနက် ပင်လယ်ရေကြောင်းအခြေပြုအပိုင်းကို ကိုယ်စားပြုပါသည်။ Type 096 ဟု ဖော်ပြလေ့ရှိသည့် မျိုးဆက်သစ်သင်္ဘောနှင့် ရေငုပ်သင်္ဘောတင် အမြင့်ပျံနျူကလီးယားလက်နက် (Ship Submersible Ball-istic Nuclear – SSBN) တွင် တပ်ဆင်ရန် ဒီဇိုင်းထုတ်ထားသော JL-3 သည် ပင်လယ်ပြင်တွင်လှည့်လည်သွားလာနေစဉ် အမြင့်ပျံပဲ့ထိန်းဒုံးကျည်များကို ပစ်လွှတ်နိုင်ခြင်းဖြင့် တရုတ်နိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့များ၏ လက်လှမ်းမီသည့် အကွာအဝေးနှင့် ရှင်သန်ရပ်တည်ကျန်ရစ်နိုင်စွမ်းတို့ကို မြှင့်တင်ပေးပါသည်။ စစ်ရေးပြအခမ်းအနားတွင် JL-3 ကို ထည့်သွင်းပြသခြင်းကို ကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံသည် ပင်လယ်အခြေပြု ဟန့်တားနိုင်စွမ်းတွင် ဖြစ်ပေါ်နေသည့် ဟာကွက်များကို ဖြည့်ဆည်းနေကြောင်း ဖော်ပြနေပါသည်။ ဤသည်မှာ နိုင်ငံရေးအရ အချက်ပြမှုတစ်ခုဖြစ်ပြီး မဟာဗျူဟာမြောက် ချိန်ခွင်လျှာပြောင်းလဲမှုများကို စောင့်ကြည့်နေသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအတွက် အရေးပါသော သတင်းစကားတစ်ခုဖြစ်ပါသည်။

JL-3 သည် ရေငုပ်သင်္ဘောမှပစ်လွှတ်သည့် အမြင့်ပျံဒုံးကျည် (Submarine-Launched Ballistic Missile – SLBM) ဖြစ်ပြီး Type 096 SSBN များအတွက် ရည်ရွယ်ထုတ်လုပ်ထားပါသည်။ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၈၀၀၀ မှ ၁၀၀၀၀ ကျော်အထိရှိပြီး သယ်ဆောင်သည့် ထိပ်ဖူးအလေးချိန်အပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။ အချို့သော လေ့လာသုံးသပ်သူများက ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ယခုဖော်ပြထားသည်ထက် ပိုမိုမည်ဟု ခန့်မှန်းကြပါသည်။ ဤအကွာအဝေးသည် ပစိဖိတ်သမုဒ္ဒရာရှိကင်းလှည့်ရာနေရာများမှနေ၍ ဝေးလံသော မဟာဗျူဟာမြောက် ပစ်မှတ်များဆီသို့ ပစ်ခတ်နိုင်စေပါသည်။ MIRV စွမ်းရည်ဖြင့် ဒီဇိုင်းထုတ်ထားသော်

စာမျက်နှာ ၂၃ သို့ ❐

❐ စာမျက်နှာ ၂၂ မှအဆက်

လည်း တိကျသောထိပ်ဖူးအရေအတွက်ကို တရားဝင်ထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။ နက်ရှိုင်းသော ကင်းလှည့်ဇရိယာများတွင် လှုပ်ရှားနေသည့် SSBN များကို ရှာဖွေရန်နှင့် ပစ်မှတ်ထားရန် ခက်ခဲသောကြောင့် ပြန်လည်တုံ့ပြန်ပစ်ခတ်နိုင်သည့် ခိုင်မာသော စွမ်းရည်ကို ပေးစွမ်းပါသည်။ JL-3 ၏ အကွာအဝေးနှင့် တပ်ဆင်နိုင်သည့် ထိပ်ဖူးတို့က တရုတ် SSBN များ၏ ကင်းလှည့်ဆောင်ရွက်မှုများကို မဟာဗျူဟာအရ ပိုမိုအရေးပါလာစေပါသည်။

**JL-1 ဝေဟင်မှပစ်လွှတ်သော မဟာဗျူဟာမြောက်ဒုံးကျည်**

JL-1 (Jinglei-1) သည် ဝေဟင်မှ ပစ်လွှတ်သော မဟာဗျူဟာမြောက် ဒုံးကျည်အမျိုးအစားဖြစ်ပါသည်။ ယင်းဒုံးကျည်သည် ဗုံးကြဲလေယာဉ်များသုံး၍ နျူကလီးယားထိပ်ဖူးများဖြင့် ပစ်ခတ်နိုင်စွမ်းရှိစေရန် ရည်ရွယ်ပါသည်။ ဝေဟင်မှ ပစ်လွှတ်သော လက်နက်များသည် နျူကလီးယားဆိုင်ရာ မဟာဗျူဟာကို ပိုမိုပြောင်းလဲနိုင်စေသော်လည်း ဗုံးကြဲလေယာဉ်များ၏ ရှင်သန်ရပ်တည်ကျန်ရစ်နိုင်စွမ်းနှင့် ၎င်းတို့၏ အခြေစိုက်စခန်းများပေါ်တွင် မူတည်ပါသည်။ စစ်ရေးပြအခမ်းအနား၌ JL-1 ကို ထည့်သွင်းပြသခြင်းသည် တရုတ်နိုင်ငံ၏ နျူကလီးယား မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် မြေပြင်၊ ရေပြင်နှင့် ဝေဟင်စနစ်များအားလုံးကို ပြသခြင်းဖြင့် သတင်းစကားကို ပြီးပြည့်စုံစေပါသည်။ သို့ရာတွင် ဝေဟင်စနစ်၏ ထိရောက်မှုသည် ပိုမိုကျယ်ပြန့်သော စစ်ဆင်ရေးထိန်းချုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးအပေါ် မူတည်နေသောကြောင့် JL-1 သည် ယာဉ်တင်တိုက်ချင်းပစ်ဒုံးကျည်များနှင့် SSBN များအတွက် အစားထိုးရန်မဟုတ်ဘဲ ဖြည့်စွက်ချက်တစ်ခုသာ ဖြစ်နိုင်ပါသည်။

L-1 ဒုံးကျည်များသည် H-6 ဗုံးကြဲလေယာဉ်အမျိုးအစားများ (အထူးသဖြင့် H-6N/J မော်ဒယ်များ) မှ သယ်ဆောင်ပစ်လွှတ်သည့် ဝေဟင်ပစ်ဒုံးကျည်ဖြစ်ပါသည်။ ဝေဟင်မှ ပစ်လွှတ်ခြင်းသည် မြေပြင်မှ ပစ်လွှတ်သည့် ဒုံးကျည်များထက် ထိရောက်သော အကွာအဝေးကို ပိုမိုတိုးမြှင့်ပေးပါသည်။ ဗုံးကြဲလေယာဉ်မှ ပစ်လွှတ်လိုက်သည့်နေရာအပေါ် မူတည်ပြီး ပစ်မှတ်နှင့်ဝေးကွာနေစဉ် ပစ်ခတ်နိုင်မှုစွမ်းရည် (Standoff Capability) ကွာခြားပါသည်။ လေထဲတွင် လောင်စာဆီဖြည့်တင်းခြင်း (Aerial Refueling/Tankers) ကို အသုံးပြုမည်ဆိုပါကပိုမိုဝေးလံစွာ ပစ်ခတ်နိုင်ပါသည်။ JL-1 ၏ ပစ်ခတ်နိုင်သော အကွာအဝေးကို တိတိကျကျ တရားဝင်အတည်ပြုထားခြင်းမရှိသေးသော်လည်း ၎င်း၏စစ်ဆင်မှုပုံစံသည် ဝေးလံစွာ ပစ်ခတ်နိုင်ရန် ရည်ရွယ်ပါသည်။ သတင်းများတွင် နျူကလီးယားထိပ်ဖူး တပ်ဆင်နိုင်ကြောင်း ဖော်ပြထားပြီး တိကျသော နည်းပညာအချက်အလက်များထက် မဟာဗျူဟာမြောက် အသုံးပြုနိုင်မှုအပေါ်တွင် အာရုံစိုက်၍ ဖော်ပြထားကြပါသည်။ လေကြောင်းစိုးမိုးမှုမရှိပါက ဗုံးကြဲလေယာဉ်များသည် ထိခိုက်လွယ်ပါသည်။ ဝေဟင်မှ ပစ်လွှတ်သော နျူကလီးယားရွေးချယ်စရာများသည် ခိုင်မာသောလေကြောင်းကာကွယ်ရေးနှိမ်နင်းမှု၊ လောင်စာဆီတင် လေယာဉ်နှင့် လေကြောင်းကြိုတင်သတိပေးမှု (Airborne Early Warning – AEW) အထောက်အပံ့များဖြင့် ပေါင်းစပ်မှသာ ပိုမိုယုံကြည်စိတ်ချရမည်ဖြစ်ပါသည်။

Ref: IE, GT, SCMP

ကိုဝိ (TAI)

# ဥရောပရှိလေဆိပ်များတွင် ဆိုက်ဘာတိုက်ခိုက်မှုများဖြစ်ပွား၊ ဟီသရိုးလေဆိပ်အပါအဝင် လေဆိပ်များ၌ ခရီးသည်အများအပြားသောင်တင်

ဘရပ်ဆဲ၊ ဆိုက်ဘာတိုက်ခိုက်မှု

ဥရောပရှိ အဓိကလေဆိပ်များတွင် ဆိုက်ဘာတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဗြိတိန်နိုင်ငံရှိ ဟီသရိုးလေဆိပ်အပါအဝင် အခြားလေဆိပ်အများအပြား၌ စက်တင်ဘာလ ၂၀ ရက်တွင် ခရီးသည်အများအပြားသောင်တင်ခဲ့ရကြောင်း သိရသည်။



ဆိုက်ဘာတိုက်ခိုက်မှုသည် ဥရောပလေဆိပ်အတော်များများရှိ ခရီးသည်များ ပစ္စည်းအပ်နှံခြင်းနှင့် ခရီးသွားစာရွက်စာတမ်းများပြသသည့် နေရာများကို အဓိကထားလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် ဗြိတိန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံတို့ရှိလေကြောင်းခရီးစဉ်များမှာ နှောင့်နှေးခဲ့ရကြောင်း လန်ဒန်မြို့ရှိ ဟီသရိုးလေဆိပ်မှ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်လေဆိပ်နှင့် ဒုတိယအကြီးဆုံးလေဆိပ်ဖြစ်သည့် ကော့လေဆိပ်တို့တွင်လည်း အသေးစားနည်းပညာချွတ်ယွင်းမှုနှင့်ကြုံတွေ့ခဲ့ရကြောင်းသိရသည်။

ထို့ပြင် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် လန်ဒန်မြို့ ဘာလင်လေဆိပ်နှင့် ဘရပ်ဆဲလေဆိပ်တို့တွင် လေကြောင်းခရီးစဉ်အများအပြားကို ဖျက်သိမ်းပစ်ခဲ့ရကြောင်းသိရသည်။

ယခုဖြစ်ပွားသည့် ဆိုက်ဘာတိုက်ခိုက်မှုသည် ကမ္ဘာ့တစ်ဝန်းလုံးရှိ အစိုးရနှင့် ကုမ္ပဏီများအား အဓိကပစ်မှတ်ထားလုပ်ဆောင်သည့် ဆိုက်ဘာနှင့် မိုင်းရပ်တိုက်ခိုက်မှုများအနက် နောက်ဆုံးဖြစ်ပွားသည့် တိုက်ခိုက်မှုဖြစ်ပြီး ဆိုက်ဘာတိုက်ခိုက်သူများသည် အဓိကအားဖြင့် ကျန်းမာရေး၊ ကာကွယ်ရေးနှင့်စက်မှုလုပ်ငန်းကဏ္ဍတို့ကို ပစ်မှတ်ထားလေ့ရှိကြောင်းသိရသည်။

မကြာမီကဖြစ်ပွားခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဗြိတိန်နိုင်ငံရှိ နာမည်ကျော်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီကြီးများဖြစ်သည့် Jaguar Land Rover ကုမ္ပဏီ၏ ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ကြောင်းသိရသည်။

Ref: ST

# ဗြိတိန်နိုင်ငံရှိ နိုက်ကလပ်တစ်ခုတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား

လန်ဒန်၊ အကြမ်းဖက်မှု

ဗြိတိန်နိုင်ငံရှိ နိုက်ကလပ်တစ်ခုတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ လူလေးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာလ ၂၀ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါပစ်ခတ်မှုသည် ဘားမင်းဂန်မြို့လယ်ခေါင်ရှိ လူငယ်လူထွက်များသည့် နိုက်ကလပ်တစ်ခု၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပစ်ခတ်မှုအတွင်း လူတစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိပြီး ကျန်သုံးဦးမှာ ဒဏ်ရာပြင်းထန်မှုမရှိကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါပစ်ခတ်မှုနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က အသက် ၂၀ နှစ်မှ ၃၀ နှစ်အကြားရှိ လူသုံးဦးကို ဖမ်းဆီးထားပြီး ၎င်းတို့အား အုပ်စုဖွဲ့ ရာဇဝတ်ကျူးလွန်မှုနှင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

အလားတူပင် ဩဂုတ်လ ၁၇ ရက်နေ့တွင်လည်း ဘားဆိုင်တစ်ဆိုင်တွင် ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ လူသုံးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref: Iv

# ရေကြီးမှုထိန်းချုပ်ရေးစီမံကိန်းများ၌ အကျင့်ပျက်ခြစားခဲ့သူ ရာပေါင်းများစွာ၏ ဘဏ်စာရင်းများကို ဖိလစ်ပိုင်ထိန်းချုပ်

မနီလာ၊ ရာဇဝတ်မှု

ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးမှုထိန်းချုပ်ရေးစီမံကိန်းများ၌ အကျင့်ပျက်ခြစားခဲ့သူ ရာပေါင်းများစွာ၏ ဘဏ်စာရင်းများကို အာဏာပိုင်အဖွဲ့က ထိန်းချုပ်လိုက်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ရေကြီးမှုထိန်းချုပ်ရေးစီမံကိန်းတွင်အကျင့်ပျက်ခြစားမှု၌ ပါဝင်ခဲ့သူ ၃၉၂ ဦး၏ ဘဏ်စာရင်းများကို အာဏာပိုင်အဖွဲ့က ထိန်းချုပ်လိုက်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ကြီးက စက်တင်ဘာလ ၁၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။

ထို့ပြင် အကျင့်ပျက်ခြစားမှုများတွင် ပါဝင်ခဲ့သူများအား တရားမမှုနှင့် ရာဇဝတ်မှုများအရ တရားစွဲဆိုမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ကြီး၏ အမှုဆောင်ညွှန်ကြားရေးမှူး မက်သရူးဒေးဗစ်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ တိုင်ဖွန်းမုန်တိုင်းများဝင်ရောက်တိုက်ခတ်ရာဒေသများ၌ အစိုးရက ရေကြီးမှုထိန်းချုပ်ရေးစီမံကိန်းများဖော်ဆောင်ရန် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ကြိုးပမ်းလျက်ရှိပြီး အဆိုပါစီမံကိန်းဖော်ဆောင်မှုတွင် အကျင့်ပျက်ခြစားမှုများရှိနေခြင်းနှင့်စပ်လျဉ်း၍ အစိုးရက ကုမ္ပဏီများနှင့် စီမံကိန်းတွင် ပါဝင်ခဲ့သူ လူပုဂ္ဂိုလ်များအား စစ်ဆေးမေးမြန်းရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတွင်း၌ ရေကြီးမှုထိန်းချုပ်ရေးစီမံကိန်းများအတွက် အစိုးရက လျာထားသည့် ငွေကြေးများမှ ငွေကြေးမည်မျှအလွဲသုံးစားပြုလုပ်ခံထားရသည်ကို စုံစမ်းဖော်ထုတ်ရန်အတွက် သမ္မတမားကို့စ်က အခြေခံအဆောက်အဦဆိုင်ရာ လွတ်လပ်စွာစုံစမ်းဖော်ထုတ်နိုင်သည့် ကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ယခုလအတွင်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: ST

# ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ထားသော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ယူရို ၈ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိကုန်ပစ္စည်းများတင်သွင်းဟုဆို

ဘရပ်ဆဲ၊ စီးပွားရေး

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများချမှတ်ထားသော်လည်း ယင်းနိုင်ငံမှ ယူရို ၈ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံ) တန်ဖိုးရှိကုန်ပစ္စည်းများကို ၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း၌ ဝယ်ယူတင်သွင်းခဲ့ကြောင်း ဂျာမနီစီးပွားရေးအဖွဲ့အစည်းကြီးတစ်ခုကထုတ်ပြန်သည်။

ယခုနှစ် ပထမသုံးလပတ်အတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည်၎င်းတို့ တင်ပို့ရောင်းချသည့် ပမာဏထက်ပို၍ ရုရှားနိုင်ငံထုတ်ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းခဲ့ပြီး ၎င်းနိုင်ငံများသည် ယူရို ၄ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့များ၊ ယူရို ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ရေနံစိမ်းများကို ဝယ်ယူတင်သွင်းခဲ့ကြောင်း Bald မီဒီယာအင်စတီကျူ့က ထုတ်ပြန်ထားသည်။

အဆိုပါရုရှားနိုင်ငံမှ စွမ်းအင်ထုတ်ကုန်ပစ္စည်းများသည်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အဓိကဝယ်ယူတင်သွင်းနေသည့် ကုန်ပစ္စည်းများဖြစ်ကြောင်းသိရသည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ဥရောပသမဂ္ဂနိုင်ငံများက ရုရှားနိုင်ငံနှင့် စီးပွားရေးအရဆက်ဆံမှုများကို ဖြတ်တောက်မည်ဟု ကြေညာခဲ့ပြီး ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်ခဲ့သည်။ သို့သော် အချို့ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကမူ ရုရှားနိုင်ငံမှ စွမ်းအင်အရင်းအမြစ်များကို ဆက်လက်ဝယ်ယူခဲ့ကြောင်း သိရသည်။

Ref: RT

# ၂၀၂၅ ခုနှစ် စက်တင်ဘာလ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၃ ပေ ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်နှင့် သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

---

■ **ကျောဖုံးမှအဆက်**




အကောက်ခွန်ဦးစီးဌာန၏ ဖမ်းဆီးရမိမှု။

တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်း (၂၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၉၀၀၀၀)တို့ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၉၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၅ ရက်**တွင် သံရွာစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၁၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Venette (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၄၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၅ ရက်**တွင် ကျိုက်ထိုမြို့၊ သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် မော်တော်ယာဉ် (၁၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၀၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၉၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၅၅၄၈၃၄၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၄)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Scania Tractor Head (၁)စီး၊ Volvo Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီး၊ Howo Tractor Head (၁)စီး၊ Dong Feng Tractor Head (၄)စီး၊ Young Man Tractor Head (၁)စီး၊ Man Tractor Head (၁)စီး၊ နောက်တွဲယာဉ် (၁၀)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၀၀၀၀၀၀)နှင့် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁၆)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၃၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၆၀)မျိုး၊ စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၄၅၇၁၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၃)စီး၊ Hion Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Man Tractor Head (၃)စီး၊ Mitsubishi Fuso Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၂)စီး၊ Dong Feng Tractor Head (၂)စီး၊ Cheng Long Tractor Head (၁)စီး၊ Hino Profia Tractor Head (၁)စီး၊ နောက်တွဲယာဉ် (၁၀)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၁၆ ရက်**နေ့တွင်မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၃၀၀၅၄၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်မှ ၁၈ ရက်**အထိ ပုစွန်တောင်မြို့နယ်၊ ကော့မှူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ခရမ်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၆ ရက်**တွင်ပုသိမ်မြို့၊အမှတ် (၁၃)ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၆ ရက်**တွင်သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌မော်တော်ယာဉ် (၁) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၅) မျိုး၊ စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၄၈၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Pickup (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၀၂၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၈ ရက်**တွင် မန္တလေးမြို့၊ ၇၈ လမ်းအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၇၉၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Pyae Pyae Zaw Light Truck (၁)စီး၊ Beijing Light Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၁၃၀၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၉ ရက်မှ ၁၈ ရက်ထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၆၇၈၇၁၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့(International Peace Day 2025)

**ဇော်မျိုးမင်း**

ငြိမ်းချမ်းမှုဟူသည် လူတစ်ဦးချင်းစီအတွက် အရေးကြီးဆုံး၊ အဓိကအကျဆုံးလိုအပ်ချက်တစ်ခု ဖြစ်သည်။ ငြိမ်းချမ်းမှုမရှိလျှင် နိုင်ငံတစ်နိုင်ငံ မတိုးတက်နိုင်သကဲ့သို့ အချင်းချင်းအပြန်အလှန်ပြောဆိုဆက်ဆံရေးများလည်း မပြေပြစ်နိုင်ပါ။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှ ၁၉၈၁ ခုနှစ်တွင် စက်တင်ဘာလ ၂၁ ရက်ကို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" ဟူ၍ သတ်မှတ်ခဲ့ပြီး စစ်မရှိသော၊ အကြမ်းဖက်မှုမရှိသော ငြိမ်းချမ်းသည့်ကမ္ဘာဖြစ်လာရန်ရည်သန်ပြီး ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှစတင်ကာ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပခဲ့ပါသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းသည် တိုက်ပွဲများ၊ အငြင်းပွားမှုများကို ရပ်တန့်ပြီး ငြိမ်းချမ်းစွာဆွေးနွေးကြရန် တိုက်တွန်းထားသည်။ ၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **"Act Now for a Peaceful World" "ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ယခုကစဆောင်ရွက်စို့"** ဟူ၍ဖြစ်သည်။

**ငြိမ်းချမ်းမှုဆိုတာဘာလဲ**

ငြိမ်းချမ်းမှုဆိုသည်မှာ တိုက်ပွဲမရှိခြင်းသာမဟုတ်ပါ။ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှု၊ အခွင့်အလမ်းတူညီမှုများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည့် ပဋိပက္ခများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် တစ်ဦးချင်းနှင့် စုပေါင်းလုပ်ဆောင်မှုအတွက် အရေးကြီးသောလိုအပ်ချက်ကို အလေးပေးဖော်ပြပြီး ပိုမိုငြိမ်းချမ်းသောအနာဂတ်ဆီသို့ တက်ကြွစွာလုပ်ဆောင်ကြရန် လူတိုင်းကို တောင်းဆိုထားပါသည်။ ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်ရန် လူတစ်ဦးချင်း၊ အသိုင်းအဝိုင်းနှင့် နိုင်ငံများမှ ချက်ချင်းလက်ငင်း ခိုင်မာသောလုပ်ဆောင်ချက်များကိုတိုက်တွန်းထားပြီး မညီမျှမှု၊ ခွဲခြားဆက်ဆံမှုနှင့်အမုန်းစကားများကဲ့သို့သော ပဋိပက္ခများ၏အရင်းခံအချက်များကို တိုက်ဖျက်ရန်အရေးကြီးကြောင်း မီးမောင်းထိုးပြထားသည်။ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန်နှင့်မတူကွဲပြားမှုများကို လက်ခံယုံကြည်ရန်၊ နားလည်မှုနှင့်အကြမ်းမဖက်မှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို မွေးမြူရန် အားပေးထားသည်။ ယခုနှစ်ဆောင်ပုဒ်သည် UN ၏ GlobalGoals နှင့်လည်းဆက်စပ်နေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များအောင်မြင်ရေးနှင့် ရေရှည်တည်တံ့သော ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အကြား ချိတ်ဆက်မှုကို မီးမောင်းထိုးပြထားသည်။

ငြိမ်းချမ်းရေးမရသော နိုင်ငံများတွင် ကလေးများ ပညာမသင်ကြားနိုင်ခြင်း၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးချို့တဲ့ခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ ဆင်းရဲမွဲတေခြင်းတို့ ဖြစ်ပွားကာ ကျရှုံးသောနိုင်ငံ (Fail State) ဖြစ်သွားကြသည်ကို ထင်ရှားစွာတွေ့မြင်နေရသည်။ ယနေ့ခေတ်တွင် နိုင်ငံရေးအငြင်းပွားမှုများ၊ တိုက်ပွဲများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ငြိမ်းချမ်းရေးကို ထိခိုက်စေသော်လည်း လူသားအများစုသည် ငြိမ်းချမ်းရေးအတွက် စိတ်အားထက်သန်စွာဖြင့် အတူတကွကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတကာတွင် ကျောင်းသား၊ ကျောင်းသူဘဝမှစ၍ အချင်းချင်းပြောဆိုဆက်ဆံရာတွင် ညှိနှိုင်းတတ်ခြင်း၊ အပြန်အလှန်လေးစားခြင်းများကို လေ့ကျင့်သင့်သည်။ ယခုလို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့သည် ငြိမ်းချမ်းမှုအရေးကြီးကြောင်းကို လူတိုင်းသတိပြုစေပြီး လူသားချင်းစည်းလုံးညီညွတ်ရေး၊ ကမ္ဘာကြီးတိုးတက်ရေးအတွက်အဓိကအခြေခံအုတ်မြစ်တစ်ခုဆိုတာကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့က သတိပေးလျက်ရှိသည်။

**ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိခိုက်စေသည့် ပဋိပက္ခနှင့် စစ်ပွဲများ**

War ဆိုသည့်စကားမှာ ရှေးအင်္ဂလိပ်စကားဖြစ်သော wyre/werre တို့က ဆင်းသက်လာပြီး လူသားအချင်းချင်းတိုက်ခိုက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ပြင်သစ်လို werra၊ ဂျာမန်လို werran စသည်ဖြင့်လည်းဆိုကြသည်။ မည်သို့ဆိုစေ စစ်ဆိုသည်က လူသားချင်းတိုက်ခိုက်ကြ၊ လက်နက်အမျိုးမျိုးသုံးကြ၊ အနိုင်ရရေးအတွက် နည်းမျိုးစုံ၊ နည်းပညာမျိုးစုံ သုံးကြခြင်းတို့ကြောင့် လူသားများသာမက တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်ပါ ထိခိုက်ပျက်စီးရသည်။ အထူးသဖြင့် ရေရှည်ထိခိုက်လာရသော သဘာဝပတ်ဝန်းကျင်ကြောင့် ကမ္ဘာမြေကြီးအတွက် ကြီးမားသော အကျိုးဆက်များ တွေ့ကြုံခံစားလာရသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်သည် လူသားတို့ အသက်ရှည်ရေး၊ ကျန်းမာစွာနေနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအကျဆုံးဖြစ်ရာ ခါးသီးလှသော စစ်ပွဲကြီးများကို တားဆီးဟန့်တားခြင်းသည် အလွန်အရေးပါသည်။ စစ်ပွဲကြီးများကြောင့် ကမ္ဘာကြီးနှင့် လူသားတို့၏ဘဝများ ဆက်လက်မပျက်စီးစေရန် တားဆီးကြရမည်။

ကမ္ဘာပေါ်ရှိ ပဋိပက္ခများသည် ညီညွတ်မျှတမှုမရှိခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အမုန်းစကားပြောဆိုခြင်းတို့ကြောင့် ဖြစ်ပေါ်လေ့ရှိသည်။ ပထမကမ္ဘာစစ် (WWI) သည် ၁၉၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်မှ ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်ထိဖြစ်ပွားခဲ့ပြီး ၁၅ မီလီယံ ကျော်သေဆုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်မှုကြီးမားစေခဲ့သည်။ ဒုတိယကမ္ဘာစစ် (WWII) သည် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်ထိဖြစ်ပွားခဲ့ပြီး သေဆုံးမှု ၆၀ မီလီယံကျော်ရှိကာ လူသားသမိုင်းတွင် အကြီးမားဆုံးသေကျေပျက်စီးမှုတစ်ခုဖြစ်ခဲ့သည်။ စစ်အေးတိုက်ပွဲ (Cold War) သည် ၁၉၄၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်ထိ (တိုက်ရိုက်မတိုက်ခိုက်သော်လည်း Korea War (၁၉၅၀-၁၉၅၃)၊ Vietnam War (၁၉၅၅-၁၉၇၅) စသည့် proxy wars တို့)ဖြစ်ပေါ်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်ခဲ့သည့် အကြီးမားဆုံးပဋိပက္ခများသည် နယ်နိမိတ်၊ ဘာသာရေး၊ နိုင်ငံရေးအကျိုးစီးပွားများကြောင့် ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးကို ထိခိုက်စေသည့် ပဋိပက္ခ/စစ်ပွဲများစွာဖြစ်ပွားခဲ့ပြီးဖြစ်သလို လက်ရှိအချိန်အထိဖြစ်ပွားနေသော ပဋိပက္ခနှင့် စစ်ပွဲများလည်း ရှိသေးသည်။

**လူသားတစ်ဦးချင်းစီအတွက် အရေးကြီးသော ငြိမ်းချမ်းရေး**

လူသားတစ်ဦးချင်းစီအတွက် ငြိမ်းချမ်းမှုသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ငြိမ်းချမ်းမှုမရှိလျှင် လူ့ဘဝသည် တိမ်းစောင်း၍တိုးတက်မှုမရနိုင်ပါ။ ပထမဆုံးအနေနဲ့ ငြိမ်းချမ်းမှုသည် လူသားတို့၏ ဘဝအဆင်ပြေမှုအတွက် အဓိကအခန်းကဏ္ဍကို ထမ်းဆောင်ပေးသည်။ ငြိမ်းချမ်းမှုရှိသော နိုင်ငံများတွင် လူထုသည် စီးပွားရေးလုပ်ငန်းများကို စိတ်ချမ်းသာစွာလုပ်ကိုင်နိုင်ပြီး လူမှုဘဝလည်းတည်ငြိမ်လာသည်။ နောက်ထပ်အရေးကြီးသောအချက်မှာ ပညာရေးနှင့်ကျန်းမာရေးဖြစ်သည်။

ထို့ပြင် ငြိမ်းချမ်းမှုသည် လူသားအချင်းချင်း ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုများကို တိုးပွားစေသည်။ အပြန်အလှန်လေးစားမှု၊ ချစ်ခင်စောင့်ရှောက်မှုမရှိဘဲ လူ့အဖွဲ့အစည်းများ တည်တံ့ရန်မဖြစ်နိုင်ပါ။ ငြိမ်းချမ်းမှုသည် လူသားတို့ အတူတကွလက်တွဲပြီး ကမ္ဘာကြီးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ထင်ရှားစေသည်။ သို့ဖြစ်၍ ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်လူတိုင်းတာဝန်ရှိသည်။ မိမိတို့အနေဖြင့် စကားပြောဆက်ဆံရာတွင် အပြုံးမထား၊ အပြန်အလှန်လေးစားတတ်ခြင်းက စတင်ရန်လိုအပ်သည်။ အဆင့်အတန်းမရွေး၊ လူတိုင်း၏ ငြိမ်းချမ်းရေးဆန္ဒပေါင်းစည်းမှသာ ကမ္ဘာကြီးကို တကယ့်တန်ဖိုးရှိသောနေရာတစ်ခုအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းမှုသည် လူသားတစ်ဦးချင်းစီအတွက် မဖြစ်မနေရသော အရာဖြစ်ကြောင်း သတိပြုသင့်ပြီး ထိန်းသိမ်းရမည့် တန်ဖိုးတစ်ရပ်ဖြစ်သည်။

**ငြိမ်းချမ်းမှု၏ အခြေခံအချက်များ**

ငြိမ်းချမ်းသောနိုင်ငံဖြစ်ရန် လုံခြုံရေး၊ ကျန်းမာရေး၊ စီးပွားရေးတည်ငြိမ်မှု၊ ဘာသာရေးလွတ်လပ်ခွင့်၊ ယဉ်ကျေးမှုအခွင့်အလမ်းများအားလုံးကို အခြေခံရမည်။ ဤအချက်များအား အမှန်အတိုင်းထိန်းသိမ်းနိုင်မှသာ လူထုအတွက် ဘဝတည်ငြိမ်မှု၊ လူ့အဖွဲ့အစည်းတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းမှုရှိသည့်နိုင်ငံတစ်ခုအတွက် ပထမဆုံးအခြေခံလိုအပ်ချက်မှာ လုံခြုံရေး(Security) ဖြစ်သည်။ လုံခြုံမှုရှိမှသာ ပြည်သူများသည် နေရာတိုင်းတွင် ဘေးအန္တရာယ်မရှိဘဲနေထိုင်နိုင်မည်။ ငြိမ်းချမ်းသောနိုင်ငံတွင် ကျန်းမာရေးစနစ်ကောင်းမွန်ခြင်း(Health)သည် အရေးကြီးသည်။

ငြိမ်းချမ်းမှုသည် စီးပွားရေးတည်ငြိမ်မှု (Stable Economy)နှင့်လည်းသက်ဆိုင်သည်။ စီးပွားရေးတည်ငြိမ်မှသာ လူများသည် အာရုံစိုက်၍ ပညာသင်ယူခြင်း၊ ကျန်းမာရေးထိန်းသိမ်းခြင်း စသည့်အခြားအရေးကြီးအချက်များကို လိုက်နာနိုင်သည်။ ငြိမ်းချမ်းသောနိုင်ငံတွင် ဘာသာရေး(Religion)လွတ်လပ်ခွင့်နှင့် အပြန်အလှန်လေးစားမှုတို့သည် အရေးကြီးသည်။ လူတိုင်းသည် ယဉ်ကျေးမှု၊ အနုပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းများ (Cultural Opportunities) ရရှိနိုင်ရမည်။ ငြိမ်းချမ်းမှုမရှိပါက ယဉ်ကျေးမှုအခွင့်အလမ်းများလျော့နည်းပြီး လူမှုဖွံ့ဖြိုးတိုးတက်မှု ထိခိုက်နိုင်သည်။

**ငြိမ်းချမ်းရေးအတွက် ထိန်းသိမ်းပြုပြင်သင့်သည့် အချက်များ**

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့သည် ကမ္ဘာတစ်ဝန်းရှိ လူထုများ ငြိမ်းချမ်းရေးကို ဂုဏ်ပြုရန်၊ အကြမ်းဖက်မှုများကိုရပ်တန့်ရန်နှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းသော အရေးကြီးသောနေ့တစ်နေ့ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်ခြင်း(Confidence Building Measures) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လုပ်ဆောင်ရန်လိုအပ်ပြီး လှေကားထစ်တက်သကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကာ ရရှိထားသောယုံကြည်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး ယုံကြည်မှုဆက်လက်တိုးပွားအောင် ဆောင်ရွက်သွားရန် လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသည် လူတိုင်း၊ နိုင်ငံတိုင်း၏တာဝန်ဆိုတာ သိဖို့အလွန်အရေးကြီးသည်။ အချင်းချင်းလေးစားမှု၊ နားလည်မှု၊ မတူညီမှုများကို လက်ခံနိုင်စွမ်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်ရန် အခြေခံအုတ်မြစ်များဖြစ်ကြပြီး အကြမ်းဖက်မှု၊ ခွဲခြားမှုနှင့် အမုန်းစကားတို့ကို ရှောင်ကြဉ်မှသာ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ၂၀၂၅ ၏ "Act Now for a Peaceful World" ဆောင်ပုဒ်သည် ငြိမ်းချမ်းရေးဆိုသည်မှာ အနာဂတ်အတွက် မျှော်လင့်ချက်သာမက ယနေ့မှာတင် စတင်လုပ်ဆောင်ရန် လိုအပ်ကြောင်း သတိပေးသည့် စာတန်းတစ်ကြောင်းလည်းဖြစ်သည်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် နိုင်ငံတိုင်းသည် ချက်ချင်းလက်ငင်းလုပ်ဆောင်ပါက ပိုမိုငြိမ်းချမ်းသည့်ကမ္ဘာကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် လူသားအတွက် အမြဲလိုအပ်သော အမွေတစ်ခုဖြစ်သဖြင့် နိုင်ငံတိုင်း၊တိုင်းပြည်တိုင်းက မိမိတို့နိုင်ငံငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးအလေးပေးထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း ၂၁-၉-၂၀၂၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

> ❑ **အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ၂၀၂၅ ၏** "Act Now for a Peaceful World" **ဆောင်ပုဒ်သည် ငြိမ်းချမ်းရေးဆိုသည်မှာ အနာဂတ်အတွက် မျှော်လင့်ချက်သာမက ယနေ့မှာတင် စတင်လုပ်ဆောင်ရန်လိုအပ်ကြောင်း သတိပေးသည့် စာတန်းတစ်ကြောင်းလည်းဖြစ်သည်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် နိုင်ငံတိုင်းသည် ချက်ချင်းလက်ငင်း လုပ်ဆောင်ပါက ပိုမိုငြိမ်းချမ်းသည့်ကမ္ဘာကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် လူသားအတွက် အမြဲလိုအပ်သော အမွေတစ်ခု ဖြစ်သဖြင့် နိုင်ငံတိုင်း၊ တိုင်းပြည်တိုင်းက မိမိတို့နိုင်ငံငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထူးအလေးပေးထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်း . . .**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်

၁။ လူသားတို့အပေါ် ဆင်းရဲဒုက္ခကျရောက်စေခဲ့သော ကမ္ဘာစစ်ကြီးများနှင့်ပဋိပက္ခများ၏ ဘေးအန္တရာယ်အသွယ်သွယ်မှကင်းဝေး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုဖော်ဆောင်ရန် အလို့ငှာ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်ရည်ရွယ်၍ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (International Day of Peace)အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လူသားအားလုံး၏ဘဝ ဘေးကင်းလုံခြုံစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် လူတိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးအားလုံးကို ရရှိခံစားနိုင်ရန်အတွက် ငြိမ်းချမ်းရေး မရှိမဖြစ်လိုအပ်ကြောင်းကို United Nations Declaration on the Right to Peace (2016) ၌ ဖော်ပြထားပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (၁၆) (UN Sustainable Development Goal – 16 ) ပါ “ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတည်ဆောက်ရေး” ကို နိုင်ငံအသီးသီးက အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း တရားမျှတမှုအပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

၄။ ၂၀၂၅ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်မှာ **“Act Now for a Peaceful World – ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ယခုကစဆောင်ရွက်စို့”** ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းကလည်း တာဝန်သိသိ အသိတရားရှိရှိနှင့် မိမိတို့ဆောင်ရွက်သင့်သည့်ကဏ္ဍများကို ကြိုးပမ်းစွမ်းဆောင်ပေးကြခြင်းဖြင့် ကမ္ဘာ့လူသားအားလုံး၏ ငြိမ်းချမ်းရေးဆိုင်ရာအခွင့်အရေးကို ရရှိခံစားနိုင်ရန် ယခုမှစ၍ အားလုံးပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အား ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

# တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ကြသည့် တပ်မတော်သားများ၏စကားသံများ

မြန်မာ့တပ်မတော်နှင့်အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ခင်မင်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့ကြသည့် တပ်မတော်နှစ်ရပ်မှတပ်မတော်သားများ၏ ပီတိစကားသံများကိုဖော်ပြလိုက်ရပါသည်–

**ဗိုလ်မှူးကြီးဇာနည်အောင်**



ကျွန်တော်တို့သွားရောက်ခဲ့တဲ့ခရီးစဉ်က အိန္ဒိယတပ်မတော်နဲ့ မြန်မာတပ်မတော်တို့ ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က စက်တင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ သုံးညအိပ်၊ လေးရက်ခရီးစဉ်ဖြစ်ပါတယ်။ ပထမဦးစွာအိန္ဒိယနိုင်ငံ ဂယာမြို့မှာရှိတဲ့ မဟာဗောဓိစေတီတော်နဲ့ ညောင်ပင်ကို ဦးစွာလည်ပတ်ဖူးမြော်ခဲ့ပါတယ်။ ဘုရားရှင်ပွင့်တော်မူခဲ့တဲ့နေရာလည်းဖြစ်ပါတယ်။ နောက်ပြီး ပေ ၈၀ ဗုဒ္ဓရုပ်ပွားတော်ကြီးကို သွားရောက်ဖူးမြော်ခဲ့ပါတယ်၊ နေ့လယ်ပိုင်းမှာ ဘုရားရှင်ဒုက္ကရစရိယာကျင့်တော်မူခဲ့တဲ့ လိုဏ်ဂူတော်ကျောက်တောင်ကြီးကို သွားရောက်ဖူးမြော်နိုင်ခဲ့ပါတယ်၊ ၁၈ ရက်မှာ အထင်ကရနေရာတွေဖြစ်တဲ့ နာလန္ဒာတက္ကသိုလ်ကြီးကိုလည်း သွားရောက်ခဲ့ပါတယ်။ ယခင်ကြီးကျယ်ခမ်းနားခဲ့တဲ့တက္ကသိုလ်ကြီးလည်းဖြစ်ပါတယ်၊ ဝေဠုဝန်ကျောင်းတော်တို့ကိုလည်း သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဒါ့အပြင် တစ်ဆက်တစ်စပ်တည်း ဘာတွေဆောင်ရွက်နိုင်ခဲ့လဲဆိုတော့ မြန်မာဘုန်းကြီးတွေကို အင်နဲ့အားနဲ့ဝတ္ထုငွေရော လှူဖွယ်ပစ္စည်းတွေကိုပါ လှူဒါန်းနိုင်ခဲ့ပါတယ်။ စာသင်တိုက်ကျောင်းတွေလည်း ရှိပါတယ်၊ အိန္ဒိယနိုင်ငံကိုသွားရောက်လည်ပတ်စဉ်မှာကျွန်တော် လေ့လာရသလောက် Ph.D တက်နေတဲ့ ဆရာတော်ကြီးတွေ၊ မဟာတက်နေတဲ့ဆရာတော်ကြီး အပါး ၃၀၀ လောက်ရှိပါတယ်။ ဗဟိုအဖွဲ့အစည်းကို သွားရောက်ပြီး ထိရောက်တဲ့လှူဒါန်းမှုမျိုးလည်း လှူဒါန်းနိုင်ခဲ့ပါတယ်။ ခရီးစဉ်ကို ကမ်းလှမ်းလာတဲ့ အိန္ဒိယနိုင်ငံက အကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒီလို ကမ်းလှမ်းပေးမယ့်လည်း ခွင့်ပြုပြီးကူညီထောက်ပံ့ဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့ တပ်မတော်ကအကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ခရီးစဉ်ရဲ့အဖွဲ့ခေါင်းဆောင်အနေနဲ့ ကျွန်တော်များစွာ ကျေးဇူးတင်ရှိပါတယ်။

**ဗိုလ်မှူးသန့်ဇင်ဦး**

အိန္ဒိယ–မြန်မာချစ်ကြည်ရေးဗုဒ္ဓဂယာခရီးစဉ်မှာရွေးချယ်ခံရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီခရီးစဉ်ကိုသွားရတဲ့



အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ပထမဦးစွာ ဒီခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အိန္ဒိယနိုင်ငံမှ အရာရှိကြီးများနဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ခရီးစဉ်သွားရောက်တဲ့အခါမှာလည်း အိန္ဒိယနိုင်ငံလေယာဉ်နဲ့နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လာရောက်ကြိုဆိုခဲ့ပါတယ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ဂယာလေဆိပ်ကို တိုက်ရိုက်သွားရောက်ခဲ့ပါတယ်။ လေဆိပ်ရောက်တဲ့အခါမှာလည်း အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများက နွေးထွေးစွာလာရောက်ကြိုဆိုကြပါတယ်။ တည်းခိုနေထိုင်ရေးအတွက်လည်း အဆင့်မြင့်ဟိုတယ်မှာ တည်းခိုနေထိုင်နိုင်ရေး၊ သွားလာမှု၊ စားသောက်မှုက အစစအရာရာအားလုံးကို အဆင်ပြေအောင်ကျွန်တော်တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်၊ ဒီလိုဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့်လည်း တပ်မတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကိုအထူးပဲကျေးဇူးတင်ရှိပါတယ်။

**အရာခံဗိုလ်ဇော်မင်း**

ကျွန်တော်တို့က ဗုဒ္ဓဂယာကိုသွားတဲ့အချိန်မှာ ပထမဆုံးကျွန်တော်တို့ ဘယ်ကိုသွားလဲဆိုတော့ မဟာဗောဓိစေတီကို သွားရောက်ခဲ့ပြီး မဟာဗောဓိညောင်ပင်ကိုလည်းဖူးမြော်ခဲ့ရပါတယ်။ အဲဒီထဲမှာမှ ထူးခြားတာက မင်းတုန်းမင်းကြီးက ဗုဒ္ဓဂယာမှာမြန်မာတွေဘုရားဖူးလာရင်တည်းဖို့ ဇရပ်ကြီးကိုလည်းမြင်တွေ့ခဲ့ရပါတယ်။ ညနေပိုင်းမှာ ဥရုဝေလတောမှာ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ခဲ့တဲ့တောင်ကိုလည်း သွားရောက်ခဲ့ပါတယ်။ သုဇာတာရဲ့နေအိမ်ကိုစေတီအဖြစ်တည်ထားတဲ့ စေတီ



ကိုလည်းသွားရောက်ဖူးမြော်ခဲ့ကြပါတယ်၊ နောက်တစ်နေ့မှာ နာလန္ဒာတက္ကသိုလ်ကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်၊ ဒီနေရာကိုရောက်တဲ့အတွက် ထူးထူးခြားခြား လူတိုင်းမရောက်နိုင်တဲ့နေရာကို ရောက်ခဲ့ရတဲ့အတွက် လူကြီးတွေရဲ့စီစဉ်ပေးမှုကြောင့်ဖြစ်ပါတယ်။ ဒီလိုနေရာတွေကို ရောက်ခဲ့ရတာကလည်း ကျွန်တော်တို့ အတိတ်ဘဝကံတွေ၊ လက်ရှိလူကြီးတွေရဲ့ စေတနာတွေကြောင့် နှစ်နိုင်ငံ တပ်မတော်နှစ်ခုကြား ယဉ်ကျေးမှုရင်းနှီးဖလှယ်ခွင့်တွေရခဲ့ပါတယ်။ ယခုလိုလုပ်ပေးခဲ့တဲ့ နှစ်နိုင်ငံ တပ်မတော်အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**Colonel Shrikant Jethi**

ကျွန်တော်တို့ ဥပ္ပါတသန္တိဘုရား၊ မဟာ



ဗောဓိဘုရား၊ မာရဝိဇယဘုရား၊ တိရစ္ဆာန်ဥယျာဉ်နဲ့ နက္ခတ်တာရာပြခန်းတို့ကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ အိန္ဒိယတပ်မတော်က ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့တာပါ။ ယခုအကြိမ်ကတော့ တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပျူငှာစွာညှော်ခံကြိုဆိုမှုအတွက် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်သားအားလုံးကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဤခရီးစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့အတွက်လည်းအလွန်ကျေးဇူးတင်ပါတယ်။ ဒီခရီးစဉ်ကတော့ အမှတ်တရအများကြီးဖြစ်ခဲ့တဲ့ခရီးစဉ်ပါပဲ။ အဖွဲ့ဝင်အများစုအတွက် ပထမဆုံးအကြိမ်လာရတဲ့ ခရီးစဉ်ဖြစ်မယ်ထင်ပါတယ်၊ ဒီခရီးစဉ်ရဲ့ အမှတ်တရတွေကိုတော့ အချိန်အတော်ကြာကြာလွမ်းဆွတ်တသပြောဆိုနေကြမှာပါပဲ။ ကျေးဇူးတင်ပါတယ်။

**Commander Shashank Shukla**

ကျွန်တော်တို့ အိန္ဒိယကိုယ်စားလှယ်အဖွဲ့က ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်ရဲ့ တစ်စိတ်တစ်ပိုင်း



အနေနဲ့ မြန်မာနိုင်ငံနေပြည်တော်မှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်နဲ့ဆိုင်တဲ့ နေရာတော်တော်များများကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ ကျွန်တော်တို့အတွက် အတွေ့အကြုံကောင်းတွေရရှိစေပြီး ကိုယ်တိုင်လာရောက်လေ့လာခွင့်ရတဲ့အတွက်လည်း အရမ်းစိတ်ကျေနပ်ရပါတယ်။

**Group Captain Bukkapuram Lakshmi Kanth**

ကျွန်တော်တို့နေပြည်တော်ရှိ ဘာသာရေးနဲ့ဆိုင်တဲ့ အဆောက်အအုံများကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ယခုခရီးစဉ်က အလွန်အံ့သြဖွယ်ကောင်းပြီးကောင်းစွာစီစဉ်ပေးထားတဲ့ ခရီးစဉ်တစ်ခုပါပဲ။ နေပြည်တော်ပတ်ဝန်းကျင်ရှိနေရာများစွာကိုကြည့်ရှုလေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒီခရီးစဉ်က



တကယ်ကို အလွန်အမင်းစနစ်တကျ စီစဉ်ပေးထားတဲ့ ခရီးစဉ်တစ်ခုပါ။ ဒီဧည့်ဝတ်ကျေပွန်မှုကိုလည်း ကျွန်တော်တို့တကယ်နှစ်သက်သဘောကျပါတယ်။ နောက်လာမယ့်ကာလမှာလည်း မြန်မာနိုင်ငံကို နောက်တစ်ကြိမ်ထပ်မံလာရောက်ခွင့်ရဖို့ မျှော်လင့်နေပါတယ်။ ကျွန်တော်ကိုယ်တိုင်အတွက်လည်း အလွန်စိတ်ကျေနပ်ဖွယ်ရာကောင်းပြီး ဒီလိုခရီးစဉ်မျိုးတွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့မျှော်လင့်နေပါတယ်၊ ဒီခရီးစဉ်ဟာ မြန်မာ–အိန္ဒိယ ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေတယ်လို့လည်း ထင်မြင်မိပါတယ်။ ။

ဇော်မျိုး(မြဝတီ)
ဓာတ်ပုံ– ရွှေဖြိုး(မြဝတီ)







သီပွဲနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော




## တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် အောက်တိုဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။





### ပျောက်ဆုံးကြောင်း

ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ မြို့မရပ်ကွက်နေ ဒေါ်စန်းစန်းအေး(ဘ)ဦးကျော်အေး ၁/ကမန(နိုင်)၀၀၂၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 207013)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၉၈၆၉၈၆၃

### ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့နေ မစုလတ်ရတနာ(ဘ)ဦးမြင့်ဦး ၁/မညန(နိုင်)၁၄၀၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 745360)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၅၈၀၄၈၈

### ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့ ကမာစဲရွာနေ မြင့်မြတ်ဦး(ဘ)ဦးတင်ဝင်း ၇/သနပ(နိုင်)၁၃၂၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၁၆၄၂၀၂

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ မင်းရပ်ကွက်နေ ဇော်လတ်(ဘ)ဦးလှထွန်း ၇/ပခန(နိုင်)၃၅၄၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၁၅၂၅၀၇

### ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့နယ်နေ ဇူးမီမီထွန်း(ဘ)ဦးထွန်းထွန်း ၇/အတန(နိုင်)၁၅၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 987327)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ပြိုင်ဆိုင်မှုအားကောင်းနေမည့် ဥရောပကလပ်အသင်းများ၏ အမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်




## မာယော့ကာ Vs အက်သလက်တီကို

**ကစားမည့် ရက် / အချိန်**

(၂၁-၉-၂၀၂၅ ရက် ည ၈:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| မာယော့ကာ | ၀ - ၁ | အက်သလက်တီကို |
| မာယော့ကာ | ၀ - ၁ | အက်သလက်တီကို |
| အက်သလက်တီကို | ၂ - ၀ | မာယော့ကာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မာယော့ကာ | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| အက်သလက်တီကို | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |

**ခန့်မှန်းရလဒ်**

မာယော့ကာ ၁ - ၂ အက်သလက်တီကို

ပြီးခဲ့တဲ့ဘောလုံးရာသီက စပိန်လာလီဂါအမှတ်ပေးဇယားအဆင့်(၁၀)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့ မာယော့ကာအသင်းက လက်ရှိမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး နောက်ဆုံးလေးပွဲမှာ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပါတယ်။ အသင်းအတွက် ကစားသမားဖြည့်တင်းမှုအနေနဲ့ ဗာဂီလီနဲ့ ကွန်ဘူလာတို့လို ကစားသမားကောင်းတွေ ခေါ်ယူထားနိုင်ခဲ့ပေမယ့် နည်းပြဂျာဂိုဘာအနေနဲ့ အသင်းကို အကောင်းဆုံးပုံစံ မတည်ဆောက်နိုင်သေးပါဘူး။ လာလီဂါနောက်ဆုံးပွဲစဉ်မှာ သူတို့အသင်းက အက်စ်ပန်ညိုအသင်းကို တစ်ယောက်အသာစီးရယူကစားနိုင်တာကို အခွင့်အရေးမယူနိုင်ခဲ့ဘဲ ၃ ဂိုး – ၂ ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကိုကြည့်ရင် တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းက ဆိုးရွားနေတယ်လို့ ဆိုရမှာပါ။ ဒါ့ပြင် မာယော့ကာအသင်းအနေနဲ့ နောက်ဆုံးလေးပွဲမှာ ခံစစ်ပိုင်းက ကိုးဂိုးအထိ ပေးထားရတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ အက်သလက်တီကိုအသင်းရဲ့ တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ဆိုတာ ခက်ခဲမှာပါ။

နည်းပြဆီမြွန်နီ ဦးဆောင်နေတဲ့ အက်သလက်တီကိုအသင်းအနေနဲ့ လာလီဂါရာသီအစ အဆိုးရွားဆုံးမှတ်တမ်းလို့တောင်ဆိုရဦးမှာပါ။ သူတို့အသင်းက လာလီဂါနောက်ဆုံးလေးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး အလာဗက်စ်၊ အက်စ်ပန်ညိုနဲ့ အဲချီတို့လိုအသင်းတွေနဲ့ နိုင်ပွဲပျောက်ဆုံးထားတာကြောင့် လက်ရှိခြေစွမ်းပိုင်းဆိုးရွားနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ အက်စ်ပန်ညိုအသင်းကို အဝေးကွင်းမှာ အယ်ဗာရက်စ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ကစားထားနိုင်ပြီးမှ တစ်ဖက်အသင်းရဲ့ချေပဂိုးနဲ့ အနိုင်ဂိုးကို ခွင့်ပြုခဲ့ရတာကြောင့် ခံစစ်ပိုင်းက အတော်လေးဆိုးရွားနေတယ်လို့ဆိုရမှာပါ။ အယ်ဗာရက်စ်၊ ဂရစ်ဇ်မန်း၊ ဆီမီအိုနီတို့ ဦးဆောင်တဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းနိုင်ပေမယ့် လိုရီရန်တီ၊ ဂါလန်တို့လို ခံစစ်ပိုင်းကျဆင်းနေတဲ့ ကစားသမားတွေကြောင့်လည်း သူတို့အသင်း ရလဒ်ကောင်းဖို့ အတော်လေးရုန်းကန်နေရတာပါ။ ဒါ့ပြင် အက်သလက်တီကိုအသင်းက ပြီးခဲ့တဲ့ကြားရက်မှာ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်အဖြစ် လီဗာပူးအသင်းကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ကစားထားပါတယ်။ အဲဒီပွဲစဉ်မှာ အက်သလက်တီကိုအသင်းအနေနဲ့ လီဗာပူးလိုအသင်းကို တန်ပြန်ဂိုးသွင်းယူနိုင်ပြီး လီဗာပူးအသင်းနောက်ခံကစားသမား ဗန်ဒိုက်ရဲ့ နောက်ကျဂိုးကြောင့်သာ ၃ ဂိုး– ၂ ဂိုးဆိုတဲ့ ကျဉ်းမြောင်းတဲ့ ရလဒ်နဲ့ ရှုံးနိမ့်ခဲ့တာပါ။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ ဒီရာသီမှာ ခြေစွမ်းပိုင်းရုန်းကန်နေရပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းယူနိုင်ခြေရှိနေတာကြောင့် မာယော့ကာလိုအသင်းမျိုးကိုတော့ အသာစီးရယူကစားနိုင်စွမ်းရှိနေပါတယ်။

အက်သလက်တီကိုအသင်းက မာယော့ကာအသင်းနဲ့ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ရှုံးပွဲမရှိဘဲ ငါးကြိမ်စလုံး အနိုင်ရထားပါတယ်။ ဒါ့ပြင် မာယော့ကာအသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကလည်း ကျဆင်းနေတာကြောင့် ကစားသမားစုဖွဲ့မှုအသာရနေတဲ့ အက်သလက်တီကိုအသင်းကိုပဲ အားပေးရမှာပါ။

## ဆန်းဒါးလန်း Vs အက်စတွန်ဗီလာ

**ကစားမည့် ရက် / အချိန်**

(၂၁-၉-၂၀၂၅ ရက် ည ၇:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဆန်းဒါးလန်း | ၃ - ၁ | အက်စတွန်ဗီလာ |
| အက်စတွန်ဗီလာ | ၂ - ၁ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၀ - ၃ | အက်စတွန်ဗီလာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဆန်းဒါလန်း | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| အက်စတွန်ဗီလာ | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(သရေ) |

**ခန့်မှန်းရလဒ်**

ဆန်းဒါးလန်း ၂ - ၁ အက်စတွန်ဗီလာ

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ချန်ပီယံရှစ်ကနေ တန်းတက်လာခဲ့တဲ့ ဆန်းဒါးလန်းအသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ ထင်မှတ်မထားလောက်အောင် အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပြီး ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းက ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းကို ဂိုးပြတ်နဲ့အနိုင်ရရှိထားပြီး ဘရန့်ဖို့ဒ်အသင်းကို အနိုင်၊ ပဲလေ့စ်အသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေနဲ့ ဘန်လေတစ်သင်းတည်းကိုသာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာပါ။ ဒါ့ကြောင့် ဆန်းဒါးလန်းအသင်းအနေနဲ့ နည်းပြလီဘရစ်လက်အောက်မှာ စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတယ်လို့ ဆိုရမှာပါ။ တန်းတက်အသင်းတွေထဲမှာ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ကစားသမားအပြောင်းအရွှေ့ကာလမှာ ကြီးမားတဲ့ခေါ်ယူမှုတွေမရှိခဲ့ဘဲ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကိုကြည့်ရင် လက်ရှိအသင်းကစားသမားတွေအနေနဲ့ စုဖွဲ့မှု အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။

အက်စတွန်ဗီလာအသင်းအနေနဲ့ ဒီရာသီမှာ ပရီးမီးယားလိဂ်နိုင်ပွဲမရရှိသေးဘဲ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါ့ပြင် သူတို့အသင်းက တိုက်စစ်ပိုင်းအဆိုးရွားဆုံးလို့ သတ်မှတ်လို့ရတဲ့အထိ ပရီးမီးယားလိဂ်လေးပွဲမှာ သွင်းဂိုး တစ်ဂိုးမှ ရယူထားနိုင်ခြင်းမရှိတာကလည်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ပါပဲ။ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီးမီးယားလိဂ်အမှတ်ပေးဇယားမှာ အဆင့်(၆)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့ သူတို့အသင်းရဲ့ခြေစွမ်းပိုင်းက ဒီဘောလုံးရာသီမှာ အတော်လေးရုန်းကန်နေရတာကို တွေ့ရတာကြောင့် နည်းပြအူနိုင်းအမ်မရီအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ပြန်လည်ပြင်ဆင်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ကြားရက်မှာ လိဂ်ဖလားပွဲစဉ်ကစားထားရပြီး ဆန်းဒါးလန်းအသင်းနဲ့ပွဲစဉ်ပြီးရင် စက်တင်ဘာလ ၂၆ ရက်မှာ အီတလီစီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းနဲ့ ယူရိုပါလိဂ်ပွဲစဉ်ယှဉ်ပြိုင်ကစားရဦးမှာပါ။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ ကစားသမားပွဲပန်းမှုရှိလာနိုင်တာကြောင့် ဒီပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ဆိုတာတော့ ခက်ခဲနေဦးမှာပါ။



ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ အက်စတွန်ဗီလာအသင်းက သုံးကြိမ်နိုင်၊ ဆန်းဒါးလန်းအသင်းက တစ်ကြိမ်အနိုင်ရထားပြီး တစ်ကြိမ်သရေကျထားတာကြောင့် အက်စတွန်ဗီလာအသင်း အသာရနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းမှာအသာရနေတဲ့ ဆန်းဒါးလန်းအသင်းပဲ နိုင်ပွဲရမှာသေချာပါတယ်။

## ဖီအိုရင်တီးနား Vs ကိုမို

**ကစားမည့် ရက် / အချိန်**

(၂၁-၉-၂၀၂၅ ရက် ည ၁၀:၃၀ နာရီ)

**နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ကိုမို | ၀ - ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ - ၂ | ကိုမို |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဖီအိုရင်တီးနား | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |
| ကိုမို | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

ဖီအိုရင်တီးနား ၁ - ၁ ကိုမို

ဖီအိုရင်တီးနားနဲ့ ကိုမိုအသင်းတို့က အီတလီစီးရီးအေပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာ နှစ်သင်းစလုံး နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေကြပါတယ်။ ဖီအိုရင်တီးနားအသင်းအနေနဲ့ သုံးပွဲကစားပြီးချိန်မှာ ကယ်ဂလီယာရီအသင်းကို တစ်ဂိုးစီသရေ၊ တိုရီနိုအသင်းကို ဂိုးမရှိသရေရလဒ်နဲ့ နာပိုလီအသင်းကို ၃ ဂိုး– ၁ ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းအနေနဲ့ သုံးပွဲမှာ နိုင်ပွဲမရရှိသေးဘဲ လက်ရှိခြေစွမ်းပိုင်း အတော်လေးရုန်းကန်နေရတာကို တွေ့ရပါတယ်။ တိုက်စစ်မှာ ဒီဇီကို၊ မွိုက်စ်ကိန်းနဲ့ ဂိုးသမားဒီဂီယာတို့လို ထိပ်တန်းကစားသမားတွေရှိနေတဲ့ သူတို့အသင်းက အခုလိုရလဒ်ပိုင်းဆိုးရွားနေတာကို နည်းပြပီအိုလီအနေနဲ့ ဘယ်လိုပြန်လည်ပြင်ဆင်လာနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ကြောင့် အခုလို အိမ်ကွင်းပွဲစဉ်မှာ ပထမဆုံးနိုင်ပွဲရရှိအောင် ကိုမိုအသင်းကို အကောင်းဆုံးဖိအားပေးကစားလာပါလိမ့်မယ်။

နည်းပြဖာဘရီဂက်စ် ကိုင်တွယ်နေတဲ့ ကိုမိုအသင်းကလည်း ပြီးခဲ့တဲ့ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့်(၁၀) နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ထားနိုင်ပြီး သုံးပွဲကစားပြီးမှာ ဘိုလော့ဂ်နာအသင်းကိုသာ ၁ ဂိုး– ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး လာဇီယိုလိုအသင်းကို နှစ်ဂိုးပြတ်၊ ဂျီနိုအာအသင်းကို တစ်ဂိုးစီသရေကစားနိုင်တာကိုကြည့်ရင် သူတို့အသင်းအနေနဲ့ လက်ရှိခြေစွမ်းပိုင်းမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တယ်လို့ဆိုရမှာပါ။ ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲမှာ တိုက်စစ်ပိုင်းက ရဂိုးခြောက်ဂိုးအထိရှိထားတာကြောင့်လည်း ဖီအိုရင်တီးနားလို ခံစစ်ပိုင်းစွမ်းဆောင်ရည်ကျဆင်းနေတဲ့အသင်းနဲ့ တွေ့ရင် ဂိုးသွင်းရယူနိုင်စွမ်းရှိမှာပါ။

ဒီနှစ်သင်းတွေ့ဆုံမှုနှစ်ကြိမ်ရှိထားရာမှာ တစ်ပွဲစီအနိုင်ရထားသလို လက်ရှိခြေစွမ်းပိုင်းကလည်း ကွာဟမှုမရှိပါဘူး။ ဒါ့ပြင် လက်ရှိစွမ်းဆောင်ရည်ပိုင်းမှာအသာရနေတဲ့ ကိုမိုအသင်းကိုပဲ အားပေးရမှာပါ။

**စည်သူအောင်**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## (၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၉-၂၀၂၅ ရက်မှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈ |

မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းကြယ်ကြယ်၏ လက်ရာကောင်းနှင့်အတူ ကာတွန်းလူမော်၊ ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)နှင့် ကာတွန်းဩဇာသတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်နေမွန်၊ နိုဦးဇော်၊ ရွှေမြိုင်ပြုံးလဲ့မော်၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၆-၉-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၃၅)ထွက်ပြီ။



◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ကြို့ပင်ကောက်)Grade-12 မှ မခိုင်သီရိမောင်၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်စန်း ၇/ကပက(နိုင်)၀၇၉၀၀၂ ဖြစ်ပါကြောင်း။
ဦးမောင်မောင်စန်း

### ပျောက်ဆုံးကြောင်း
နော်ထူးဖော(ဘ)ဦးဒွန်းညို ၁၄/အဂပ(နိုင်)၁၃၄၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ကြို့ပင်ကောက်)Grade-12 မှ အဘ စောစိုးလွင်၏သား မောင်စည်သူထွန်း၏ အမည်မှန်မှာ စောစည်သူထွန်း ၇/ကပက(နိုင်)၁၃၉၈၀၀ ဖြစ်ပါကြောင်း။ စောစည်သူထွန်း

### ပျောက်ဆုံးကြောင်း
မိုးမိုးမြင့်ခိုင်(ဘ)ဦးဝင်းငွေ ၁၂/သလန(နိုင်)၀၉၇၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ငွေနိုင်ဦး(ဘ)ဦးစံသိန်း ၁၁/ရသတ(နိုင်)၀၆၂၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၈၄၅၉၉၂၈

### အမည်မှန်
လယ်ဝေးမြို့နယ်၊အ.ထ.က သဲကောကြီး Grade-12 တွင် ပညာသင်ကြားနေသော အဘ ဦးထိန်ဝင်းလှိုင် ၈/တတက(နိုင်)၀၃၇၅၇၃ ၏သမီး မကြယ်ဇင်သော်၏အမည်မှန်မှာ မကြယ်စင်သော် ၉/လဝန(နိုင်)၃၀၆၆၂၈ ဖြစ်ပါကြောင်း။ မကြယ်စင်သော်

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မခင်ဝသန်၏ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၀/သထန(နိုင်)၁၀၉၄၉၉ ဖြစ်ပါကြောင်း။
ဦးထွန်းအောင်

### အမည်ပြောင်း
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-2 မှ မောင်ဘုန်းလရောင်အား မောင်ဘုန်းမြတ်သာဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဘုန်းမြတ်သာ

### မိဘအမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မအေးပွင့်စိုး၏မိဘအမည်မှန်မှာ ဦးဝင်းသန်း+ဒေါ်အေးမော်ဖြစ်ပါကြောင်း။
ဦးဝင်းသန်း+ဒေါ်အေးမော်

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက် မ/၁၄၃ နေ ဒေါ်နှင်းနှင်းရီ၏ဖခင် ဦးကျော်ရွှေနှင့် ဦးအောင်ကျော်ဆွေ ၂/လကန(နိုင်)၀၁၂၄၄၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်ရွှေနှင့်ဦးအောင်ကျော်ဆွေ

### ပျောက်ဆုံးကြောင်း
မလောမယ်(ဘ)ဦးတော်ရယ် ၂/လကန(နိုင်)၀၆၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 504845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၀၆၃၀၁၅

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ရှားကုန်းရွာနေ မောင်မင်းမင်းထွန်း(ဘ)ဦးတင်ထွန်း ၇/တငန(နိုင်)၁၂၄၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

### မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ကြို့ပင်ကောက်) Grade-12 မှ စောစည်သူထွန်း ၇/ကပက(နိုင်)၁၃၉၈၀၀ ၏မိဘအမည်မှန်မှာ စောစိုးလွင် ၇/ဇကန(နိုင်)၀၄၂၉၇၅ နှင့် နော်တင်မိုးခိုင် ၇/ကပက(နိုင်)၀၀၁၇၈၀ တို့ဖြစ်ပါကြောင်း။
စောစိုးလွင်-နော်တင်မိုးခိုင်

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ကြို့ပင်ကောက်) Grade-12 မှ မောင်ဇင်လင်းထက်နှင့် အလက-ကွင်းကြီး၊ Grade-6 မှ မပန်းအိကိုကို တို့၏ဖခင်အမည်မှန်မှာ စောအောင်စည်သူ ၇/ကပက(နိုင်)၀၆၇၅၄၂ ဖြစ်ပါကြောင်း။ စောအောင်စည်သူ

### ပျောက်ဆုံးကြောင်း
ကုန်းကြမ်းမြို့၊ ချောင်ပါကျိုင်းရွာနေ မအေးကျိုင်(ဘ)ဦးအာရီ ၁၃/ကကန(နိုင်)၀၀၈၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 350096)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၄၉၅၄၆၀

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ဥသျှကြီး(၁)ရပ်ကွက်၊ (၈)လမ်းနေ ဝင်းပြည့်သူ(ဘ)စိုင်းသီဟဝင်း ၇/ပခန(နိုင်)၅၀၉၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 946248)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၈၄၆၆၄၇

### ပျောက်ဆုံးကြောင်း
တိုက်ကြီးမြို့နယ်၊ အုန်းပင်ကွင်းအုပ်စု၊ သာရဝေါ်ရွာနေ နန်းစံသူ(ဘ)ဦးမျိုးမြင့် ၁၂/တကန(နိုင်)၁၉၇၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 856689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၃၆၀၄၄၄

# အဆင့်မြင့်ပညာကဏ္ဍမြှင့်တင်ရေးနှင့် ကျောင်းသား၊ ဆရာဖလှယ်ရေး နိုင်ငံတကာညီလာခံသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၀

အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် Vellore မြို့ Vellore Institute of Technology (VIT) ၌ စက်တင်ဘာလ ၁၈ ရက်မှ ၁၉ ရက် အထိ ကျင်းပခဲ့သော အဆင့်မြင့်ပညာကဏ္ဍမြှင့်တင်ရေးနှင့် ကျောင်းသား၊ ဆရာဖလှယ်ရေး နိုင်ငံတကာညီလာခံသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသော ညီလာခံဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက VIT တက္ကသိုလ်နယ်မြေခွဲ ငါးခုအနက် ကျောင်းသားပေါင်း ၄၇၀၀၀ တက်ရောက်လျက်ရှိသည့် ယခု Vellore မြို့ တက္ကသိုလ်၏ အရည်အသွေးမြင့် သင်ကြားနည်းစနစ်များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများသည် အဆင့်မြင့်ပညာကဏ္ဍမြှင့်မားတိုးတက်ရေးအတွက် အတုယူဖွယ်ရာ နမူနာကောင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက AI နည်းပညာကို ကျယ်ပြန့်စွာအသုံးချရန် လမ်းညွှန်ထားရာ သင်ကြားသင်ယူမှုနှင့် ကျောင်းသားများ၏ ပရောဂျက်များတွင် AI နည်းပညာကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် အဆင့်မြင့်ပညာကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်ကြပြီး အဆင့်မြင့်ပညာကဏ္ဍနှင့်စပ်လျဉ်း၍ ခေါင်းစဉ်အလိုက်ဆွေးနွေးခဲ့ကြကာ ဒုတိယဝန်ကြီးက VIT တက္ကသိုလ်၏ နှစ် ၄၀ ပြည့် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

စက်တင်ဘာလ ၁၉ ရက်တွင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့က VIT တက္ကသိုလ်ရှိ သုတေသနဓာတ်ခွဲခန်းများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်နှင့်အထပ်မြင့်ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တက္ကသိုလ်တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး VIT ပါရဂူဘွဲ့သင်တန်းများတွင် တက်ရောက်နိုင်ရန် မြန်မာနိုင်ငံရှိ တက္ကသိုလ်များအား ပညာတော်သင်ဆုများ ချီးမြှင့်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ







# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။
  ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

❖ **စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့်မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန်တားမြစ်ခြင်းပင်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## အထူးမိုးလေဝသ သတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၉-၂၀၂၅ ရက်နေ့မှ ၂၂-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာလ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်

**စာမျက်နှာ ၁၃ ကော်လံ ၁ ◆**

## ဆောင်းပါး

**ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့်မဲပေးစက်၏မဲရလဒ်** စာ-၁၁ သို့

.................................

**အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Peace Day 2025)** စာ-၂၅ သို့

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း(မြန်မာနိုင်ငံကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်း)တို့တွင် စက်တင်ဘာလ ၂၅ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၅) ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| လီဗာပူး | ၂ - ၁ | အဲဗာတန် |
| ဘရိုက်တန် | ၂ - ၂ | စပါး |
| ဘန်လေ | ၁ - ၁ | နော့တင်ဟမ် |
| ဝက်စ်ဟမ်း | ၁ - ၂ | ပဲလေ့ |
| ဝုလ်ဗ် | ၁ - ၃ | လိဒ် |

# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၆ ရက်**တွင် စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၇ ရက်**တွင် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌

**စာမျက်နှာ ၂၄ ကော်လံ ၁ ■**




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




အကောက်ခွန်ဦးစီးဌာန၏ ဖမ်းဆီးရမိမှု။

